## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၄)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေပြဋ္ဌာန်း

စာ - ၇ သို့



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၇

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့ စာမေးပွဲဖြေဆိုမှု ဆဋ္ဌမနေ့တွင် သက်ဆိုင်ရာဘာသာရပ်များဖြစ်သည့် ဇီဝဗေဒဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်၊ စက်မှုအတတ်ပညာတွင် (လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်းဘာသာရပ်၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု **စာမျက်နှာ ၁၁ ကော်လံ ၁** ❖

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးပန်ကြားချက်

၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်


၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ တစ်နေ့တာ ပျမ်းမျှဓာတ်အားလိုအပ်ချက် ၄၆၆၄ မဂ္ဂါဝပ်ကို ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း လက်ရှိတွင် အဓိကဓာတ်အားလိုင်းအချို့ ဖျက်ဆီးခံရခြင်းနှင့် သဘာဝဓာတ်ငွေ့ရရှိမှု လျော့နည်းခြင်းတို့ကြောင့် LNG သုံးဓာတ်အားပေးစက်ရုံများမှ ၅၀၀ မဂ္ဂါဝပ် ထပ်မံဖြည့်ဆည်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ရာ ပုံမှန်ထုတ်လုပ်နိုင်မှု၏ ၇၇ ရာခိုင်နှုန်းဖြစ်သော ၃၆၀၀ မဂ္ဂါဝပ်ခန့်ကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ၎င်းအပြင် ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး စွမ်းအင်အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄** ▲

## ဝါးစက္ကူနှင့်ဝါးချည်မျှင်ကို အလွယ်ပြုလုပ်နိုင်သော ဒေသန္တရနည်းလမ်းများ




စာ - ၁၃ သို့




## နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပေး(အပိုင်း-၂)

စာ - ၂၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၈ ရက်)

# နိုင်ငံ့အရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ

တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကို မတ်လ ၁၆ ရက်တွင် စတင်ကျင်းပနေပြီဖြစ်သည်။ ပထမဆုံးနေ့တွင် လွှတ်တော်သဘာပတိရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းများကိုဆောင်ရွက်ကြသည်။ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များရာခိုင်နှုန်းပြည့်တက်ရောက်လာသည့်အတွက် ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်အောင်မြင်ခဲ့သည်။ ရွေးကောက်ခံကိုယ်စားလှယ်များ၏ စုပေါင်းအားနှင့်လျှောက်လှမ်းနေသည့် ပြည်သူ့လွှတ်တော်အခင်းအကျင်းကိုမြင်တွေ့ရသည့်အတွက် ပြည်သူအားလုံးကစိတ်ဝင်တစားရှိကြသည်။

နိုင်ငံတော်အတွင်းရှိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူများကိုကိုယ်စားပြုတက်ရောက်လာကြသည့် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကိုဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ တရားမျှတ၊ မှန်ကန်စွာရွေးချယ်တင်မြှောက်လိုက်သည့်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ပေါ်ထွန်းရေးတို့ကို ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သလို ဒို့တာဝန်အရေးသုံးပါးကိုလည်းစောင့်ထိန်းကြရမည်ဖြစ်သည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များမှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ကတိသစ္စာပြုကြရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကို လိုက်နာပါမည်ဟူ၍လည်းကောင်း၊ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ထမ်းဆောင်ပါမည်ဟူ၍လည်းကောင်း လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုထားကြသူများဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်မှစ၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီး(၃)ရပ်အတိုင်း ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများသာမရှိခဲ့လျှင် သို့မဟုတ် မှန်ကန်သောနည်းလမ်းဖြင့် ပူးပေါင်းဖြေရှင်းခဲ့လျှင် ယခုကျင်းပသည့်လွှတ်တော်သက်တမ်းမှာ စတုတ္ထအကြိမ်ဖြစ်ပေမည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကတိသစ္စာပြုထားသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏တရားဥပဒေများကိုလိုက်နာခြင်းနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုထာဝစဉ်ဦးထိပ်ပန်ဆင်ကြမည်ဆိုပါက စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းမှာ ဖြောင့်တန်းနေမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မိမိတို့နှစ်သက်သည့်ကိုယ်စားလှယ်များကိုရွေးချယ်၍ မဲပေးခဲ့ကြပြီးဖြစ်သည်။

ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အားယုံကြည်စွာတာဝန်အပ်နှင်းမှုအပေါ် အလေးအနက်ခံယူပြီး ပြည်သူများပေးအပ်ထားသည့်တာဝန်ကိုကျေပွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏အချုပ်အခြာမဏ္ဍိုင်ကြီး(၃)ရပ်အနက် ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်၏အဓိကတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံရေးအတွေ့အကြုံရင့်ကျက်မှုနှင့် နိုင်ငံရေးပျိုးထောင်မှု (political culture) အခြေအနေတို့မြင့်မားရန်လိုအပ်သလို ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သော နိုင်ငံရေးအယူအဆများနှင့် နိုင်ငံရေးဖွဲ့စည်းမှုများလည်းရှိနေရမည်ဖြစ်သည်။ နိုင်ငံရေးပျိုးထောင်မှုဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိလူတို့၏နိုင်ငံရေးဆိုင်ရာသဘောထားနှင့် လက်တွေ့လုပ်ရပ်အစုအပေါင်းကို လွှမ်းခြုံခေါ်ဆိုခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်၊ ပွင့်ပွင့်လင်းလင်းဖြင့် ဒီမိုကရေစီကျင့်စဉ်အတိုင်း တက်ညီလက်ညီ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်သည်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်နှင့်အညီ ပြည်သူများနှင့်ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စားဖော်ဆောင်ပေးရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူ့ကောင်းကျိုးအတွက် လွှတ်တော်၏ဆောင်ရွက်ချက်များကိုလည်း ပြည်သူများနားလည်သဘောပေါက်စေရန် ပြန်လည်မျှဝေပေးကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့အရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏အခန်းကဏ္ဍကို ကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ငဖဲ မတ် ၁၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မင်းလွင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲမာက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများ၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကိုအကျိုးရှိစွာအသုံးချရန်အတွက် အသိပညာဗဟုသုတတိုးပွားစေရေး သုတရသစာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ စာဖတ်သည့်အလေ့အထဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည့်အချက်များနှင့် နွေရာသီအပူဒဏ်ကာကွယ်ရေးသိကောင်းစရာများအား ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ကျောင်းစာကြည့်တိုက်အတွက် တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များကို ပေးအပ်လှူဒါန်းပြီး လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မယု(ငဖဲ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၃-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တောင်ကြီးမြို့၌ အားကစားနည်းအလိုက် နည်းပြ/ဒိုင်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကျင်းပ

တောင်ကြီး မတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားရုံ၌ မတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အားကစားနည်းအလိုက် နည်းပြ/ဒိုင်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မိမိတို့မြို့နယ်/ခရိုင်မှသည် ပြည်နယ်နှင့်နိုင်ငံတော်ကအားထားရသော အဆင့်မီသည့် ဒိုင်လူကြီးကောင်းများ၊ နည်းပြကောင်းများဖြစ်အောင် ကြိုးစားကြရန် အမှာစကားပြောကြားပြီး အားကစားနည်းအလိုက် နည်းပြ/ဒိုင်သင်တန်းအား ဖွင့်လှစ်ပေးသည်။

ထို့နောက် နည်းပြ/ဒိုင်သင်တန်းသားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်သည်။



အဆိုပါသင်တန်းတွင် ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ပန်ကြပ်ဆီလပ်၊ ဝူရှူး၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ ပီတန်းနှင့် အေရိုးဗစ်အားကစားနည်းများကို သင်တန်းသား ၁၅၆ ဦး၊ သင်တန်းသူ ၈၇ ဦး စုစုပေါင်း ၂၄၃ ဦးအား မတ်လ ၁၇ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# ဒိုက်ဦးမြို့နယ်၌ ဆောင်းသီးနှံနေကြာ ယှဉ်ပြိုင်စမ်းသပ်ကွက်အောင်မြင်ဖြစ်ထွန်း



ဒိုက်ဦး မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာရှိ ရွှေလွင်မြေစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၌ ရုရှားနေကြာ(၃)မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးထားမှုကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက မတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်က စိုက်ခင်းတာဝန်ရှိသူများအား နေကြာပင်များ အပင်သက်တမ်း ရက် ၄၀ ကျော်လာပြီဖြစ်သည့်အတွက် ပန်းများစတင်ဖူးပွင့်နေပြီး အစေ့အဆန်အောင်မြင်စေရေး ပျားလုပ်ငန်းဦးစီးဌာနနှင့်ချိတ်ဆက်၍ ပျားပုံးများအချိန်မီချထားရန်၊ ရေဆင်း(၇) နွေနှမ်းနက်အား ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး စနစ်တကျဆောင်ရွက်ရန်နှင့် အသီးအပွင့်များအောင်မြင်စေရန် ရုရှားဆေး Humate Plus၊ Florata၊ Super Boron များအား ထည့်သွင်းရမည့်အချိန်တွင် စနစ်တကျပက်ဖျန်းရန် တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သားကောင်းဂုဏ်ရည်

✤ ကောင်းကင်ပြာမှ
ကြွေကျကြယ်စင်၊ တသွင်သွင်လည်း
ကြယ်စင်သက်ရာ၊ ဘယ်မြေလွှာဟု
သေချာချင့်တွက်၊ သိဖို့ခက်၏။

✤ ရွက်ဝါတောမှ
ဥဩတွန်ကျူ၊ လွမ်းသံမြူလည်း
လွမ်းသူဥဩ၊ ဘယ်လိုသောဟု
စောကြောရှာလျက်၊ သိဖို့ခက်၏။

✤ ခရေနန်းမှ
ပွင့်လန်းကြိုင်သွေး၊ ခြောက်လည်းမွှေးမြ
နီးဝေးနံ့မြူ၊ ဘယ်သို့ကြူကြောင်း
သူငါတွေးလျက်၊ သိဖို့ခက်၏။

✤ လောကတစ်ခွင်
ကြယ်စင် ဥဩ၊ ခရေတော၏
သဘောချက်လက်၊ သိဖို့ခက်လည်း
သွေးဆက်မပြောင်း၊ သူရဲအပေါင်းတို့
သားကောင်းဂုဏ်မွှေး၊ သတ္တိသွေးမူ
လေးနက်ဖွေရှာ၊ မလိုပါတည့်
မြင်သာထင်ရှား၊ စွမ်းသုံးပါး။
ဆယ်ဖြာစွမ်းအား၊ ဝင့်ဝင့်ကြွား။
စဉ်လာခံ့ညား၊ တစ်ဆယ့်နှစ်ပါး။ ။

ဘုန်းရဲနိုင်(ဂန့်ဂေါ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၄။ ၀၉:၃၅ ကျန်းမာသုတ
၅။ ၁၀:၃၀ စိုက်ပျိုးသုတ
၆။ ၁၁:၄၅ Sport Review
၇။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၈။ ၁၃:၁၅ တစ်ပတ်အတွင်းထိပ်တန်းရောက်
ကမ္ဘာ့သတင်းသုံးသပ်ချက်
၉။ ၁၅:၃၀ ဆောင်းပါးပေါ်မှစာစုများ
၁၀။ ၁၇:၃၀ မွေးမြူသုတ
၁၁။ ၁၉:၀၀ (၈၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း
**သစ္စာမျိုးဆက်(ဒုတိယပိုင်း)**
သရုပ်ဆောင်- ခန့်စည်သူ၊ အောင်ပိုင်၊
ဆုပန်ထွာ၊ မုဏ်း
ဒါရိုက်တာ- အကယ်ဒမီတင်အောင်စိုး
(ပန်းမြို့တော်)

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'လုပ်ရက်လိုက်တာဗျာ'

ဆို့နင့်စွာပြောသော ညီလင်းညိုအားကြည့်ရင်း စုလှိုင်သည် မျက်ရည်စို့လာသည်။ သို့သော် သူ့မျက်နှာပေါ်မှ မာနနှင့်သံသယတို့က လုံးဝပျောက်ကွယ်မသွားဘဲ သရော်ပြုံးလေးကို ပြုံးနေလေသည်။ စိတ်ထိခိုက်တုန်လှုပ်သွားသော ညီလင်းညိုကြောင့် တစ်နည်းအားဖြင့် ကျေနပ်သွားသည်။ ညီလင်းကို ထိုမျှမက စိတ်ထိခိုက်အောင်လုပ်ချင်သောစိတ်လေးကလည်း နာကျင်နေသောရင်ထဲတွင် ခိုတွယ်နေသေးလေသည်။

'သွားမယ်'

စုလှိုင်၏ကားလေးထွက်သွားသည်အထိ ညီလင်းညိုသည် ဘာစကားကိုမျှ ထပ်မပြောဖြစ်တော့ချေ။ သူ့တစ်ကိုယ်လုံးကို အံ့သြစိတ်၊ ဒေါသစိတ်၊ တုန်လှုပ်စိတ်နှင့် ကြေကွဲစိတ်တို့ကသာ တစ်ထပ်ပြီးတစ်ထပ် ရစ်ပတ်ထားလေသည်။

■ ■ ■ ■ ■

'ဟုတ်လား ကိုကို၊ မာညို ကလေးပျက်လို့ဆို၊ အခုပဲ လမ်းမှာ ပေါက်ကျိုင်းနဲ့တွေ့လိုက်တယ်'

'ဟုတ်တယ် မိသက်'

'မာညိုရယ်၊ မဖြစ်သင့်တာကို ဖြစ်ရတယ်'

သက်သက်က မချိတင်ကဲလေးညည်းပြီး အိမ်ထဲသို့ခပ်သွက်သွက်လှမ်းဝင်လာသည်။ ကျောင်းမှပြန်လာသော ပေါက်ကျိုင်းနှင့် အိမ်သို့ပြန်လာသောသက်သက်တို့ လမ်းတွင် ဆုံမိကြသည်။ အမာညိုကို လုံးဝမဆူရဲသော ပေါက်ကျိုင်းက သက်သက်ကိုတွေ့သောအခါမှ အလုံးစုံပြောရင်း ဒေါသထွက်ရတော့သည်။ 'မျောက်မလေးက သူ့မှာကိုယ်ဝန်ရှိနေတာကိုမေ့ပြီး သစ်ပင်တက်သတဲ့ဗျ၊ နောက်ပြီး တစ်ခါမေ့ပြီး ခုန်ချသတဲ့ဗျ၊ လူမှတ်လို့ ကြိုက်မိပါတယ် အခုမှ မျောက်မယောကျ်ားဖြစ်ရတော့တယ်' ဟု သူ့နဖူးသူ ထုရင်းပြောသောအခါ သက်သက်သည် စိုးရိမ်ထိတ်လန့်နေသည့်ကြားထဲမှ ရယ်ခဲ့ရသေးလေသည်။

အိပ်ရာပေါ်တွင် ပက်လက်ကလေးမှိန်းနေသော အမာညိုသည် သက်သက်ကိုမြင်သောအခါ မချိပြုံးလေးပြုံးပြသည်။

'မာညိုရယ် နင်ကလည်း ဆော့လိုက်တာလွန်ရော'

ခရီးရောက်မဆိုက်ပင် သက်သက်က အပြစ်တင်စကားပြောမိတော့သည်။ ဖြူရော်ဖျော့တော့နေသော အမာညိုသည် ချက်ချင်းမျက်ရည်ဝဲလာသည်။ အပြစ်ရှိသောကလေးငယ်လို မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ငိုမဲ့မဲ့ဖြစ်လာလေသည်။

'ငါ့ကိုယ်ငါ အရင်ကလိုပဲ ထင်တာကိုး မိသက်ရယ်၊ အဲဒါကို ငါမေ့မေ့သွားတယ်'

'မေ့ဗျာ မေ့၊ နောက်တစ်ခါဆိုရင် ယောကျ်ားယူပြီးသားကိုမေ့ပြီး နောက်တစ်ယောက်နောက်ကိုများ လိုက်သွားဦးမလားမသိဘူး'

ပေါက်ကျိုင်းကပြောသောအခါ အမာညိုသည် ငိုမဲ့မဲ့နှင့်ရယ်လေသည်။ ထို့နောက် ဆိုးနွဲ့သောအသံလေးဖြင့် 'နောက်တစ်ခါဆိုရင် သစ်ပင်မတက်တော့ပါဘူး၊ ခုန်မချတော့ပါဘူး၊ သိမ်သိမ်မွေ့မွေ့လေးပဲနေပါတော့မယ် ပေါက်ကျိုင်းရဲ့' ဟု ခပ်တိုးတိုးပြောလေသည်။ ပေါက်ကျိုင်းက သက်ပြင်းချကာ သူ့ခေါင်းကို သူ့လက်နှစ်ဖက်ဖြင့်စုံကုတ်နေစဉ် သက်သက်သည် ပေါက်ကျိုင်းကို မျက်ရိပ်ပြကာ ပြန်ထွက်လာခဲ့သည်။ အမာညို ဆိုးတေမလေးကို အခုနေဖိပြောပြီး ဆုံးမလိုက်စေချင်သောကြောင့်ဖြစ်သည်။

သက်သက်က စံပယ်ပန်းခူးရန် ခြံထဲသို့ဆင်းသွားသောအခါ ကျော်ထွန်းညို လိုက်လာလေသည်။ စံပယ်ပွင့်များခြွေထည့်ရန် ပလတ်စတစ်ခွက်လေးကိုလည်း ယူဆောင်လာသည်။

**"ကျောင်းမှပြန်လာသော ပေါက်ကျိုင်းနှင့် အိမ်သို့ပြန်လာသောသက်သက်တို့ လမ်းတွင်ဆုံမိကြသည်။ အမာညိုကို လုံးဝမဆူရဲသော ပေါက်ကျိုင်းက သက်သက်ကိုတွေ့သောအခါမှ အလုံးစုံပြောရင်း ဒေါသထွက်ရတော့သည်။ 'မျောက်မလေးက သူ့မှာကိုယ်ဝန်ရှိနေတာကိုမေ့ပြီး သစ်ပင်တက်သတဲ့ဗျ၊ နောက်ပြီး တစ်ခါမေ့ပြီး ခုန်ချသတဲ့ဗျ၊ လူမှတ်လို့ ကြိုက်မိပါတယ် အခုမှ မျောက်မယောကျ်ား ဖြစ်ရတော့တယ်' ဟု သူ့နဖူးသူ ထုရင်းပြောသောအခါ သက်သက်သည် စိုးရိမ်ထိတ်လန့်နေသည့်ကြားထဲမှ ရယ်ခဲ့ရသေးလေသည် . . ."**

'မိသက်ရယ်၊ ကိုကိုတို့ဘယ်တော့လက်ထပ်ကြမလဲ'

'ဖြည်းဖြည်းပေါ့ ကိုကိုရာ၊ ကိုကိုလည်း အလုပ်တောင်မဝင်ရသေး၊ သက်ကလည်း သင်တန်းမပြီးသေး'

'အလုပ်က ရှေ့လဝင်ရတော့မယ် သက်ရဲ့၊ ပုသိမ်မှာလေ'

'မော်တင်စွန်းဘုရားပွဲကျရင် သက်တို့လာခဲ့မယ်ကိုကို'

စံပယ်ပွင့်များကို ကျော်ထွန်းညိုက မြက်ပင်ရှည်နှင့် သီပေးလေသည်။ ဖြူဖွေးလတ်ဆတ်သော စံပယ်ပွင့်လေးများကို တစ်ပွင့်ချင်းခူးယူရင်း သက်သက်သည် ကြည်ကြည်နူးနူးလေးဖြစ်နေသည်။ သက်သက်က ပန်းများအကုန်ခူး၍ ပြီးသွားသော်လည်း သီနေသောကျော်ထွန်းညိုက မပြီးနိုင်သေးချေ။ အလှဆုံးအပွင့်လေးများကိုရွေးပြီး စိတ်ရှည်လက်ရှည်သီကုံးနေလေသည်။

'ကိုကိုတို့လက်ထပ်ပြီးရင် မိညိုလိုတော့ သက်က ခုန်လိုက်ပေါက်လိုက် မလုပ်ရဘူးနော်၊ သက်က အဲဒီမျောက်မလေးသူငယ်ချင်းမို့ ကြိုပြောထားရတာ'

'ခုန်လိုက်ပေါက်လိုက် လုပ်ရင်ကော'

'ရိုက်မှာပေါ့'

'ဟင် ကိုကိုရယ်'

နောက်မှန်းသိသော်လည်း သက်သက်၏မျက်နှာလေးသည် ငယ်သွားသည်။ အမာညိုလိုတော့ 'ဟင်း၊ ထိဝံ့ထိကြည့်ပါလား တစ်ခါတည်းပေါင်ကြားကို ဆောင့်ကန်ထည့်လိုက်မှာပေါ့' ဟု ပေါက်ကရမပြောတတ်ရှာချေ။ 'ကိုကိုရိုက်လည်း ခံရမှာပဲ၊ သက်တို့က မိန်းမသားပါ ကိုကိုရယ်' ဟု ဆိုနေဟန်ရှိသောမျက်လုံးလေးများကိုကြည့်ရင်း ကျော်ထွန်းညို၏ရင်တွင် ကြင်နာစိတ်ကဲလာသည်။ သက်သက်၏လက်လေးများကို လှမ်း၍ ဆုပ်ကိုင်လိုက်ရင်း 'တကယ်လို့များ သက်ကိုရိုက်မိရင် အဲဒီမိုက်လှတဲ့လက်ကို ဖြတ်ပစ်လိုက်မယ်' ဟု တိုးတိုးလေးပြောလိုက်မိသည်။

'အမယ်လေး နှစ်ယောက်သား ဘယ်ပျောက်သွားပါလိမ့်လို့ ထင်နေတာ၊ လက်စသတ်တော့ ဒီရောက်နေကြတာကိုး'

ညီလင်းညိုက သူတို့ဘေးသို့ရောက်လာသည်။ သူ့လက်ထဲတွင် ရေပန်းကရားကို ရေအပြည့်ထည့်ပြီးဆွဲလာလေသည်။ သူစိုက်သမျှ ပန်းပင်လေးများက ပွင့်လေတိုင်း သက်သက်တစ်လှည့်၊ အမာညိုတစ်လှည့် ခူးယူပန်ဆင်ကြသော်လည်း မည်သူကမျှ ရေလောင်းရန် သတိရကြသည်မဟုတ်ချေ။ ညီလင်းတစ်ဦးတည်းကသာ ဒိုင်ခံပြီး ရေလောင်းရလေသည်။

'အနှောင့်အယှက်ဖြစ်တယ်ထင်ရင် နေရာပြောင်းဗျ၊ သစ်ပင်ကတော့ ရေလောင်းရမှာပဲ'

အေးချမ်းစွာထိုင်နေကြသော ချစ်သူနှစ်ဦးအား ညီလင်းညိုသည် ရေဖြင့် မထိတထိလှမ်းပြီးပက်လိုက်သည်။ လက်ဝါးလေးဖြင့်ခံလိုက်သော်လည်း သက်သက်၏မျက်နှာပေါ်သို့ ရေစက်ရေပေါက်များ ကျလာသည်။ အေးမြသောရေစက်လေးများကို ပွတ်သုတ်၍မပစ်ဘဲ သက်သက်သည် ဒီအတိုင်းထားလိုက်ကာ ရယ်နေသည်။

'မမသက် အဲဒီပန်းတွေခူးချင်သလောက်ခူး၊ ဒီဘက်က စံပယ်ပင်လေးက ပွင့်လာရင်တော့ မခူးရဘူးနော်'

ညီလင်းညိုသည် ဝါးခြမ်းပြားလေးများဝိုင်း၍ ခြံခတ်ထားသော စံပယ်ပင်လေးကိုပြရင်းပြောသည်။

'ဘာဖြစ်လို့လဲ'

'အကြောင်းရှိလို့ပေါ့'

'ဘာအကြောင်းလဲ'

'ဘာအကြောင်းဖြစ်ဖြစ်ပေါ့'

'မပြောရင် ခူးမှာပဲ'

'ခူးရင်အသိပဲ'

'မခူးစေချင်ရင်ပြောပေါ့'

'သက်ကလည်းကွယ် ညီလင်းမဖြေချင်တာကို မမေးပါနဲ့'

စိတ်တိုလာဟန်ရှိသော ညီလင်းညိုကို စိတ်မကောင်းသလိုလှမ်းကြည့်ရင်း ကျော်ထွန်းညိုက စကားဝင်ဖြတ်သည်။ ထိုစံပယ်ပင်လေး၏ဇာတ်လမ်းကို သူသိလေသည်။ စုလှိုင်ဆီသို့ သူတို့ညီအစ်ကိုနှစ်ဦးသွားကြပြီး စုလှိုင်က ညီလင်းကို 'ထွက်သွား' ဟု နှင်ထုတ်သည့်နေ့က ထိုစံပယ်ပင်လေးကို ညီလင်းညိုစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ 'တစ်ခုခုလုပ်ချင်တယ် ကိုကိုရယ်၊ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲကိုကိုရာ၊ အရက်သွားသောက်ရအောင်လေ' ဟု ထိုင်လိုက်ထလိုက်နှင့် ဆောက်တည်ရာမရပြောနေခဲ့သည်။ 'အရက်တော့မသောက်ပါနဲ့ညီရာ ဖေဖေသိရင်မကောင်းဘူး၊ နောက်ပြီး အရက်မူးရင် ကျွဲခိုးပေါ်သတဲ့၊ လာကွာ ခြံထဲဆင်းကြမယ်၊ လလည်းသာတယ်၊ ခြံထဲမှာ သီချင်းဆိုမယ်၊ အသံကုန်ဟစ်ဆိုမယ်ကွာ၊ ဖေဖေမေးရင်တော့ ကြည့်ဖြေတာပေါ့' ဟုပြောပြီး နှစ်ဦးသား ခြံထဲဆင်းခဲ့သည်။ ခြံထဲရောက်သောအခါတွင်ကား သီချင်းမဆိုဖြစ်ကြတော့ပေ။

**ဆက်လက်ဖော်ပြပါမည်။**

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မျှင်ငါးပိအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်၌ ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းမော်၏ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇန်နဝါရီလအတွင်း မျှင်ငါးပိ ပိဿာ ၅၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာ ၆၉၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ငပုတောမြို့နယ်ကနေ မျှင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မျှင်ငါးပိ ပိဿာ ၆၉၀၀၀ လောက် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလည်း ရန်ကုန်ဈေးကွက်က မျှင်ငါးပိအဝယ်များနေပါတယ်" ဟု ဒေါ်ဝင်းမော်က ပြောသည်။

ငပုတောမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှ ဖမ်းယူရရှိသော မျှင်ကောင်များကို ဝယ်ယူပြီး မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့်လုပ်ငန်းသည် ဒေသထွက်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **သုတကျော်**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

သထုံ မတ် ၁၇

မွန်ပြည်နယ် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများကို မတ်လ ၁၆ ရက်က သထုံမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ ယဉ်ကျေးလိမ္မာစေရေး၊ စာအုပ်စာပေများ လေ့လာဖတ်ရှုကြစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သိမှတ်ဖွယ်ရာစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၇

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာနစုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦး၊ ပျက်ကွက် ၁၄၁၂၉ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၇၄ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာဘာသာတွဲ၊ စိုက်ပျိုးရေးအတတ်ပညာဘာသာတွဲနှင့် မွေးမြူရေးအတတ်ပညာဘာသာတွဲများဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ ဆဋ္ဌမနေ့တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာဘာသာရပ်များ၊ စိုက်ပျိုးရေး ကျောင်းသား၊ ကျောင်းသူများက လူမှုရေးသိပ္ပံဘာသာရပ်နှင့် မွေးမြူရေး ကျောင်းသား၊ ကျောင်းသူများက စားမြို့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်တို့ကိုဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဇီဝဗေဒ+ဘောဂဗေဒ

နေ့စွဲ - ၁၇.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၅ | ၇၃၈၈ | ၁၁၆၂၃ | ၃၀၈ | ၂၄၉ | ၅၅၇ | ၉၅.၄၃% | ၄.၅၇% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၆၉ | ၃၆၅၆ | ၁၀၄ | ၈၀ | ၁၈၄ | ၉၅.၂၁% | ၄.၇၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၇ | ၅၂၁ | ၈၃၈ | ၃၂ | ၄၅ | ၇၇ | ၉၁.၅၈% | ၈.၄၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၇၉၈ | ၇၇၀၂ | ၁၂၅၀၀ | ၄၁၂ | ၃၇၁ | ၇၈၃ | ၉၄.၁၁% | ၅.၈၉% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၁ | ၈၉၇၆ | ၁၄၆၀၇ | ၄၆၄ | ၃၅၄ | ၈၁၈ | ၉၄.၇၀% | ၅.၃၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၆ | ၆၉၉၅ | ၁၁၈၅၁ | ၄၉၂ | ၂၉၈ | ၇၉၀ | ၉၃.၇၅% | ၆.၂၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၀ | ၁၂၈၆၂ | ၂၁၂၀၂ | ၅၄၃ | ၃၄၀ | ၈၈၃ | ၉၆.၀၀% | ၄.၀၀% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၄၆ | ၂၆၁၆၇ | ၄၅၄၁၃ | ၁၂၉၁ | ၈၄၅ | ၂၁၃၆ | ၉၅.၅၁% | ၄.၄၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၄ | ၁၀၅၃၃ | ၁၈၁ | ၂၂၀ | ၄၀၁ | ၉၆.၃၃% | ၃.၆၇% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၇ | ၈၉၉ | ၁၆၈၆ | ၆၉ | ၄၄ | ၁၁၃ | ၉၃.၇၂% | ၆.၂၈% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၀၁ | ၂၆၀၀၁ | ၄၆၇၀၂ | ၁၅၃၀ | ၁၀၂၄ | ၂၅၅၄ | ၉၄.၈၁% | ၅.၁၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၄ | ၈၄၈၆ | ၁၃၃၇၀ | ၂၇၁ | ၂၆၁ | ၅၃၂ | ၉၆.၁၇% | ၃.၈၃% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၈ | ၁၀၅၈ | ၁၆၈၆ | ၃၉ | ၅၅ | ၉၄ | ၉၄.၇၂% | ၅.၂၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၂ | ၁၂၁၅ | ၁၉၆၇ | ၆၆ | ၄၆ | ၁၁၂ | ၉၄.၆၁% | ၅.၃၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၁၈ | ၂၀၉၀၂ | ၃၆၄၂၀ | ၁၈၅၉ | ၁၀၄၈ | ၂၉၀၇ | ၉၂.၆၁% | ၇.၃၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၁ | ၇၈၈၄ | ၁၄၀၈၅ | ၅၁၄ | ၃၁၅ | ၈၂၉ | ၉၄.၄၄% | ၅.၅၆% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၃၈၆၃ | ၁၅၀၇၆၁ | ၂၅၄၆၂၄ | ၈၃၂၈ | ၅၈၀၁ | ၁၄၁၂၉ | ၉၄.၇၄% | ၅.၂၆% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(လက်သမားအတတ်ပညာနှင့်သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာ )+ စိုက်ပျိုးရေးအတတ်ပညာ (လူမှုရေးသိပ္ပံ)+မွေးမြူရေးအတတ်ပညာ(စားမြို့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေး)

နေ့စွဲ - ၁၇.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၃၁ | ၃၃၉ | ၂၀၆ | ၁၃၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

## ကျေးဇူးတင်လွှာ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို (၁၁-၃-၂၀၂၆) ရက်နေ့မှ (၁၈-၃-၂၀၂၆) ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့်စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာပြီးမြောက်စေရန် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

▪▪▪▪▪▪▪

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး သုံးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်


မြဝတီ မတ် ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ဆံတော်ရှင်ရွှေမြင်းဝန်စေတီတော် သာသနဟိတကာရီဗိမာန်၌ ယမန်နေ့နံနက် ၉ နာရီက မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ကရင်ပြည်နယ် သာသနာနုဂ္ဂဟအသင်းနှင့် စေတနာရှင်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးတို့အား ချီးမြှောက်ပူဇော်သည့် ဂုဏာဝိသိဋ္ဌပူဇာပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ရွှေမြင်းဝန်စေတီတော်ကြီး၏ မြောက်ဘက်မုခ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးအား ပင့်ဆောင်တော်မူပြီး ဂုဏ်ပြုပူဇော်ပွဲကိုကျင်းပရာ နမောတဿ (၃)ကြိမ်ရွတ်ဆိုပူဇော် ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြသုခတပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်ပြီး မြဝတီခရိုင် သာသနာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ထင်းကဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၏ထေရုပ္ပတ္တိအကျဉ်းကိုဖတ်ကြားပူဇော်ခဲ့သည်။ ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းပူဇော်ကြကြောင်း သိရသည်။

(၄၀၆)




## မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

## တောင်တွင်းကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး မတ် ၁၇



မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ်လ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကွင်းမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် တခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွင်းမြောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးအတွက် ငွေကျပ် ၄၉၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးအတွက် ငွေကျပ် ၂၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ်သိန်း ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးအတွက် ငွေကျပ် ၅၆၉ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ နွံ့ယဉ်

## ပြည်ပသို့ မြန်မာ့ဆန်ပို့ကုန်မြှင့်တင်နိုင်ရန် အထူးဦးစားပေးအစီအစဉ်အဖြစ်ဆောင်ရွက်မည်

ရန်ကုန် မတ် ၁၇

ပြည်ပနိုင်ငံအသီးသီးသို့ မြန်မာ့ဆန်တင်ပို့ရာတွင် ပို့ကုန်မြှင့်တင်နိုင်ရန် အထူးဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

"အသင်းချုပ်အနေနဲ့ ဆန်တင်ပို့မှုမှာ လက်ရှိဘဏ္ဍာနှစ်ကုန်(မတ်လကုန်)မတိုင်မီ တတ်နိုင်သမျှ ပို့ကုန်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ညွှန်ကြားမှုနဲ့အညီ အထူးဦးစားပေး ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်အထိ ယခုဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှုအနေဖြင့် တန်ချိန် ၂ ဒသမ ၅ သန်းကျော် တင်ပို့ထားပြီးဖြစ်သောကြောင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ပိုမိုတင်ပို့ထားနိုင်ကြောင်း၊ ဆက်လက်၍ ကျန်ရှိသည့်ဘဏ္ဍာနှစ်ကုန်(မတ်လကုန်)မတိုင်မီအထိ ပို့ကုန်မြှင့်တင်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လာမည့်ဘဏ္ဍာနှစ်အတွက်လည်း ပို့ကုန်လျာထားချက်များ၊ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ Export တင်ပို့ရာတွင် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများ၊ အခက်အခဲများ၊ Rice Export Zone ဖော်ဆောင်ရေးကိစ္စရပ်များကို ကြိုတင်ဆွေးနွေးအကြံပြုခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဖြူဖြူ

# မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်
လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သည့်ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခွင့်ရရှိသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူက ပြည်ပတွင်ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကိုဆိုသည်။

(ဂ) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသူကိုဆိုသည်။

(ဃ) **ဧည့်နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော ဧည့်နိုင်ငံသားကိုဆိုသည်။

(င) **နိုင်ငံသားပြုခွင့်ရသူ** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကိုဆိုသည်။

(စ) **ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number-UID)** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကိုထုတ်ပေးသည့် သက်သေခံလက်မှတ်ကိုဆိုသည်။

(ဆ) **မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identification)** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားဟု ယူဆရသူကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက တစ်ကြိမ်သာလျှင် အသုံးပြုရန်ထုတ်ပေးသည့် သက်သေခံလက်မှတ်ကိုဆိုသည်။

(ဇ) **မြန်မာနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ သာမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ် သို့မဟုတ် သံတမန်နိုင်ငံကူးလက်မှတ်ကိုဆိုသည်။

(ဈ) **မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူ** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများကိုဆိုသည်။

(ည) **သာမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုဆိုသည်။

(ဋ) **အထူးနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ တာဝန်တစ်ရပ်ရပ်ဖြင့်သွားရောက်ရန်အတွက် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

(ဌ) **သံတမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ ဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုဆိုသည်။

(ဍ) **အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (Electronic Passport-e passport)** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များကို ချစ်ပ်ပြားတွင် ထည့်သွင်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လုံခြုံရေးအဆင့်မြင့်ထားသည့် အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်ကိုဆိုသည်။

(ဎ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရဖွဲ့စည်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကိုဆိုသည်။

(ဏ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး**ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အသုံးပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဥပဒေနှင့်အညီဆောင်ရွက်ပေးနိုင်ရန်၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ် စနစ်တကျထုတ်ပေးခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကိုကာကွယ်ရန်၊

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံသို့ ခရီးသွားလာခြင်းကို စနစ်တကျစီမံခန့်ခွဲရန်၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန်၊

(င) မြန်မာနိုင်ငံကူးလက်မှတ် အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို ဥပဒေနှင့်အညီကာကွယ်နိုင်ရန်။

**အခန်း(၃)**
**မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာ<br>လုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး<br>လုံခြုံရေးနှင့်ဆိုင်သော<br>ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး၊<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၁) | သတင်းရဲတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်နှင့်စပ်လျဉ်း၍ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အထူးကိစ္စရပ်များအတွက် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းနှင့် လိုအပ်သည့်အခြေအနေများသတ်မှတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၊ ပြည်ပနိုင်ငံရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများ၏လုပ်ငန်းဆောင်ရွက်မှုများအပေါ် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများသို့ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း၊ မွေးတိုးလျှောက်ထားခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်ထားခြင်းများကိုစိစစ်၍ ခွင့်ပြုစေခြင်း သို့မဟုတ် ငြင်းပယ်စေခြင်း၊

(စ) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(ဆ) ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကိုပယ်ဖျက်ခြင်း၊

(ဇ) ဤဥပဒေအရ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ပေးသွင်းရမည့်အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဈ) မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူများသည် အရေးကြီး၊ အရေးပေါ်ကိစ္စရပ်အတွက် ခိုင်လုံသောအကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အမြန်ရရှိရေး လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနက အမည်ပျက်စာရင်းပေးပို့လာပါက အမည်ပျက်စာရင်းထည့်သွင်းခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**စာမျက်နှာ ၈ ကော်လံ ၁ ➤**

➤ စာမျက်နှာ ၇ မှအဆက်

## အခန်း(၄)
## မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၇။ (က) သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်-

(၁) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊

(၂) အသက် ၁၀ နှစ်အောက်ဖြစ်ပါက မွေးစာရင်း(မူရင်းနှင့် မိတ္တူ)၊

(၃) အသက်၁၈ နှစ်အောက်ဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦး၏ခွင့်ပြုချက်၊ (မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လာရောက်လျှောက်ထားရမည်)

(၄) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ-၆၆/၆ (မူရင်းနှင့် မိတ္တူ)၊

(၅) ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number-UID)၊

(၆) လျှောက်ထားလိုသည့် သာမန်နိုင်ငံကူးလက်မှတ် အမျိုးအစားအလိုက် လိုအပ်သောအခြားစာရွက်စာတမ်းအထောက်အထားများ၊

(၇) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအတွက် တရားဝင်သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားသည့်အထောက်အထား၊

(၈) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

(ခ) သက်ဆိုင်ရာမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် ပုဒ်မခွဲ(က)အရတင်ပြသော မူရင်းအထောက်အထားများကိုစိစစ်ပြီး မူရင်းအထောက်အထားကို လျှောက်ထားသူထံ ပြန်လည်ပေးအပ်ရမည်။

၈။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားလိုသူသည်-

(က) သက်တမ်းတိုးလျှောက်ထားလိုပါက မူလထုတ်ပေးထားသော သာမန်နိုင်ငံကူးလက်မှတ်စာအုပ်မူရင်းနှင့် ပုဒ်မ ၇ ပုဒ်မခွဲ(က) အရသတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လအတွင်း လျှောက်ထားနိုင်သည်။

(ခ) သက်တမ်းကုန်ဆုံးရန် ၆ လမတိုင်မီ သက်တမ်းတိုးလျှောက်ထားလိုပါက သတ်မှတ်ထားသည့်ဒဏ်ကြေးငွေပေးသွင်း၍ ပုဒ်မခွဲ(က)ပါအတိုင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် လျှောက်ထားနိုင်သည်။

၉။ သာမန်နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ အသစ်လျှောက်ထားလိုပါက ပျောက်ဆုံးကြောင်း သတင်းစာတွင်ထည့်သွင်းကြော်ငြာသည့်ရက်မှ ၆ လပြည့်လျှင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အောက်ပါစာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရမည်-

(က) ပုဒ်မ ၇ ပုဒ်မခွဲ(က)အရသတ်မှတ်ထားသည့်စာရွက်စာတမ်းများ၊

(ခ) သတင်းစာတွင်ကြော်ငြာထားသည့် အထောက်အထား၊

(ဂ) သတ်မှတ်ထားသည့်ဒဏ်ကြေးငွေ ပေးဆောင်ထားသည့် အထောက်အထား။

၁၀။ သာမန်နိုင်ငံကူးလက်မှတ် ပျက်စီး၍ အသစ်လျှောက်ထားလိုပါက မူလသာမန်နိုင်ငံကူးလက်မှတ် (ပျက်စီး)၊ သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်သည့်အထောက်အထား၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့်စာရွက်စာတမ်းများပူးတွဲ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ်အသစ်ပြန်လည်လျှောက်ထားနိုင်သည်။

၁၁။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူက သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားလာပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၂။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသို့ လျှောက်ထားနိုင်သည်။

၁၃။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူက သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းများကို ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသည် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် စိစစ်တင်ပြချက်များအပေါ်မူတည်၍-

(က) ပြည်တွင်း၌ သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ပြန်လည်လျှောက်ထားခြင်းတို့ကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပြည်ပနိုင်ငံတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၅။ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် ပြည်ပသို့ အရေးကြီး၊ အရေးပေါ်ကိစ္စရပ်ဖြင့်ထွက်ခွာရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက်အထောက်အထားများဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်။

၁၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်အပေါ် တင်ပြချက်ကိုစိစစ်၍ သာမန်နိုင်ငံကူးလက်မှတ်ကိုထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်ဖြင့်ပြည်ပသို့ သွားရောက်မည့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်သည် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားလိုပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်သည်။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်သည် အထူးနိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၉။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်သည် သံတမန်နိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၀။ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည်-

(က) အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်စနစ် ကျင့်သုံးသည့်အခါ အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်အသစ်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင်မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်မူရင်းနှင့်မိတ္တူပူးတွဲတင်ပြလျှောက်ထားရမည်။

(ဂ) မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်းကုန်ဆုံးသည်အထိ အသုံးပြုနိုင်သည်။

၂၁။ (က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကိုလက်ခံရရှိသည့်အခါ သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် သက်ဆိုင်ရာသို့အကြောင်းကြားနိုင်သည်။

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည် အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်ရရှိသည့်အခါ မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာသို့ပြန်လည်အပ်နှံရမည်။

## အခန်း(၅)
## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြန်လည်အပ်နှံခြင်း

၂၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးခြင်း၊

(ခ) အထူးကိစ္စရပ်ကြောင့် ပြည်ပသို့ထွက်ခွာနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူကို သက်ဆိုင်ရာနိုင်ငံသို့သွားရောက်ရန် လိုအပ်သလို သက်တမ်းနှင့် အခြေအနေသတ်မှတ်၍ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း။

၂၃။ ပြည်တွင်းတွင် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၄။ ပြည်ပတွင် မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့်ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၅။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၂၆။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်အတွက် အထူးနိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက လျှောက်ထားသည့်ဌာနသို့ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၇။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများအတွက် သံတမန်နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက လျှောက်ထားသည့်ဌာနသို့ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၈။ အထူးနိုင်ငံကူးလက်မှတ်ရရှိသူသည်-

(က) အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အပြီးတိုင် ပြန်လည်အပ်နှံရမည်-

(၁) ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခြင်း၊

(၂) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊

(၃) ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခြင်း၊

(၄) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊

(၅) ရာထူးမှ နုတ်ပယ်ခံရခြင်း၊

(၆) သေဆုံးခြင်း။

(ခ) ပြည်ပခရီးစဉ်ပြီးဆုံးပါက အထူးနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ယာယီအပ်နှံရမည်။

၂၉။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ်စိစစ်တွေ့ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသူဖြစ်ခြင်း၊

(ခ) နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူဖြစ်ခြင်း၊

(ဂ) မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်လှည့်ဖြား လျှောက်ထားသူဖြစ်ခြင်း၊

(ဃ) ပြစ်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊

(င) ပြစ်မှုတစ်ခုခုဖြင့်အရေးယူခံရ၍ တရားရုံး သို့မဟုတ် သက်ဆိုင်ရာဌာနက နိုင်ငံကူးလက်မှတ်ထုတ်မပေးရန် တင်ပြချက်လက်ခံရရှိခြင်း၊

(စ) နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနိုင်သည်ဟု ယူဆရသူဖြစ်ခြင်း၊

(ဆ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုထားပြီး သတ်မှတ်ကာလမပြည့်သေးသူ၊

စာမျက်နှာ ၉ သို့ ➤

➤ စာမျက်နှာ ၈ မှအဆက်

(ဇ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးက ခံဝန်ချုပ်ချုပ်ထားသည့် ကာလမပြည့်သေးသူ၊

(ဈ) သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူ ဖြစ်ခြင်း။

၃၀။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်းကြောင့် အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူကို နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ကို ဆက်လက်အသုံးပြုရန် မသင့်လျော်လောက်အောင် ပျက်စီး သို့မဟုတ် ညစ်နွမ်းနေခြင်း။

၃၁။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းပြုပါက ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူထံ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည်။

၃၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် အကြောင်းကြားချက်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်ရောက်နိုင်သည်။

၃၃။ (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၃၂ အရ အယူခံလျှောက်ထားမှုကို စိစစ်ပြီး အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(၁) အယူခံလျှောက်ထားမှုကို ပလပ်ခြင်း၊

(၂) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်း။

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၃၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၃၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၂)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း(၆)**

**တားမြစ်ချက်များ**

၃၅။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချက်အလက် အထောက်အထားများကို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့်ဖြစ်စေ မမှန်မကန်ဖော်ပြခြင်း၊ တင်ပြခြင်းမပြုရ၊

(ခ) တရားဝင်ကိုင်ဆောင်ခွင့်ရရှိသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းမပြုရ၊

(ဂ) အတု သို့မဟုတ် ဆင်တူယိုးမှား ပြုလုပ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လက်ဝယ်ထားခြင်း သို့မဟုတ် ကိုင်ဆောင်အသုံးပြုခြင်း မပြုရ၊

(ဃ) မိမိကိုင်ဆောင်ခွင့်မရှိသော မြန်မာနိုင်ငံကူးလက်မှတ်ကို မရိုးမဖြောင့်သောသဘောဖြင့် လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ၊

(င) မြန်မာနိုင်ငံကူးလက်မှတ်ကို အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း သို့မဟုတ် အတု သို့မဟုတ် ဆင်တူယိုးမှားပြုလုပ်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ရောင်းချခြင်း မပြုရ။

၃၆။မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း မပြုရ၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း မပြုရ။

၃၇။ မည်သူမျှ -

(က) သက်တမ်းရှိနေသော သာမန်နိုင်ငံကူးလက်မှတ်ကို တစ်ခုထက်ပို၍ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းမပြုရ၊

(ခ) ပယ်ဖျက်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အသုံးမပြုရ။

၃၈။ မည်သူမျှ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်း မပြုရ။

**အခန်း(၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို-

(က) ပုဒ်မ ၃၅ ပုဒ်မခွဲ(က)ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံးထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေဒဏ် သုံးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ငါးသိန်းကျပ်အထိ ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ)ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဃ) သို့မဟုတ် ပုဒ်မခွဲ(င)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ၁၀ သိန်းကျပ်မှ အများဆုံးငွေဒဏ် ကျပ် ၁၅ သိန်းအထိ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံးထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံးငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

၄၂။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်းချမှတ်ခြင်းခံရမည်။

**အခန်း(၈)**

**အထွေထွေ**

၄၄။ ဤဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၄၀ ပါ ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၄၅။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

၄၇။ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ(The Myanmar Passport Act.,Act XXXIV,1920)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် ကမ္ဘောဇဖလားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး မတ် ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်လူရွယ်များအနေဖြင့် နွေရာသီအားလပ်ရက်များကို အကျိုးရှိရှိအသုံးချတတ်စေရေး၊ အားကစားနည်းတစ်ရပ်ရပ်ကို အခြေခံမှစ၍ လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသည့် အားကစားသမားကောင်းများ၊ နိုင်ငံ့သားကောင်းသမီးကောင်းများဖြစ်လာစေရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီးသင်တန်းနည်းပြဆရာများ၊ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုငွေနှင့်သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်ကြီးကြပ်မှုဖြင့် ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်ကမ္ဘောဇဖလားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် MOD FC အသင်းနှင့် MYINT MO KHAM FC အသင်းတို့ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ MYINT




MO KHAM FC အသင်းက MOD FC အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက ဘောလုံးပွဲစဉ်အစအဆုံး တာဝန်ထမ်းဆောင်ခဲ့ကြသော ဒိုင်လူကြီးများကို အမှတ်တရလက်ဆောင်များပေးအပ်ပြီး Man of the Match ဆုရရှိသူ၊ ဒုတိယဆုရှိသော MOD FC အသင်းနှင့် ပထမဆုရရှိသော MYINT MO KHAM FC အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။


**မောင်မောင်သန်း(တောင်ကြီး)**



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရေတာရှည်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



အောင်မြေသာစံမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ကျောက်တန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



မြိတ်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် စိတ်အေးချမ်းသာစွာဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ပန်းတနော်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ဓနုဖြူမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

❖ ရှေ့ဖုံးမှအဆက်

ဘာသာရပ်၊ စက်ခုတ်စားမှုနည်းပညာဘာသာရပ်)၊ စိုက်ပျိုးရေးအတတ်ပညာတွင် (လူမှုရေးသိပ္ပံဘာသာရပ်)နှင့် မွေးမြူရေးအတတ်ပညာတွင်(စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်) များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိစာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရာတွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနအပါအဝင် စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု၌ ဝင်ရောက်ဖြေဆိုသူစုစုပေါင်း ၂၅၄၆၂၄ ဦး (၉၄ ဒသမ ၇၄ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း၊ စက်မှုအတတ်ပညာတွင် (လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်းဘာသာရပ်၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှုဘာသာရပ်၊ စက်ခုတ်စားမှုနည်းပညာဘာသာရပ်)၊ စိုက်ပျိုးရေးအတတ်ပညာတွင် (လူမှုရေးသိပ္ပံဘာသာရပ်)နှင့် မွေးမြူရေးအတတ်ပညာတွင် (စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်)တို့ကို စာစစ်ဌာန ၅၃ ခု၌ ဖြေဆိုသူစုစုပေါင်း ၃၃၆၄ ဦး (၉၉ ဒသမ ၃၅ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း အသီးသီးဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

"ယခုဖြေဆိုနေတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကလေးတွေအနေနဲ့ အေးချမ်းစွာဖြေဆိုနိုင်ခဲ့ကြပါတယ်။ အခုလိုဖြေဆိုနိုင်ဖို့အတွက် ကလေးတွေအနေနဲ့လည်း သင်ယူထားတဲ့ လေ့ကျင့်ခန်းတွေကို ကောင်းမွန်စွာ ကျက်မှတ်လေ့ကျင့်ခဲ့ကြပါတယ်။ အခုလို စာမေးပွဲကိုကောင်းမွန်စွာ ဖြေဆိုနိုင်ဖို့အတွက် **စာမျက်နှာ ၁၂ သို့** ❖



သုံးခွမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကော့သောင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့်ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



သာယာဝတီမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆဋ္ဌမနေ့တွင် စိတ်အေးချမ်းသာစွာဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ဒိုက်ဦးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုပြီးစီးမှုကိုတွေ့ရစဉ်။



မိုးညှင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



မကွေးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့်ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



တောင်ငူမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့်ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



ကာမိုင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



ကလေးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆဋ္ဌမနေ့တွင်လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



ရွှေကူမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့်ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကိုတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုကြသည့်ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။

❖ စာမျက်နှာ ၁၁ မှအဆက်

သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ တာဝန်ရှိကြီးကြပ်ရေးမှူး ဆရာမကြီးနှင့် တကွလက်ထောက်ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများအနေနဲ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြပါတယ်။ ကလေးတွေ ဖြေဆိုဖို့အတွက် သက်ဆိုင်ရာ ဘာသာရပ် ဆရာ၊ ဆရာမများဘက်ကလည်း ကလေးတွေအတွက် အချိန်ပိုတွေ ခေါ်ယူသင်ကြား ပေးတာတွေ၊ မေးခွန်းဟောင်းတွေ လေ့ကျင့်ပေးတာတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကလေးတွေအနေနဲ့လည်း အေးချမ်းစွာ ဖြေဆိုနိုင်ခဲ့ကြပါတယ်။ ဒီကျောင်းကြီးမှာ



အနာဂတ်မှာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကဏ္ဍတွေမှာ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်တွေ ပေါ်ထွန်းလာဖို့ အတွက် ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်”ဟုပြောသည်။



“ကလေးအပေါ်မှာတော့မူတည်တာပေါ့။ ကလေးကအမှတ်ကောင်းလာရင်တော့ ကျွန်တော်ကတော့ ကျွန်တော့်ရည်မှန်းချက်အောင်မြင်ပြီလို့ ကျွန်တော်ကတော့ တွက်ပါတယ်။ ကျောင်းသားတွေလည်း



အများကြီးကြိုးစားကြပါ။ G 12 စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင် အောင်ကြိုးစားကြပါလို့ ကျွန်တော်ကပြောချင်ပါတယ်” ဟုပြောသည်။

“ Bio တွဲနဲ့ဖြေတာပါ။ ကျေနပ်အားရမှုအရှိဆုံးကတော့ သင်္ချာရယ်၊ ရူပဗေဒရယ်ကတော့ ကျေနပ်အားရမှုရှိပါတယ်။ ဖြစ်ချင်တာက ဆရာဝန်ပေါ့။ ဒါပေမဲ့လည်း အမှတ်စာရင်းကြည့်ပြီးမှ ရတဲ့ အမှတ်ကို အောင်မြင်အောင်လုပ်ရမှာပေါ့” ဟုပြောသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၁ ရက်နေ့မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့တွင် စာမေးပွဲဖြေဆိုမှု နောက်ဆုံးရက်အဖြစ် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲများကို မတ်လ ၁၈ ရက်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဝါးစက္ကူနှင့် ဝါးချည်မျှင်ကို အလွယ်ပြုလုပ်နိုင်သော ဒေသန္တရနည်းလမ်းများ

စည်သူရဲရင့်

**ဝါး** ဆိုသည်မှာ အမြစ်ဆုံမှ အပင်များပွား၍ တစ်စုတည်းပေါက်တတ်ပြီး ပင်စည်ကိုစိတ်ဖြာ၍ ထရံ၊ တောင်း စသည် ရက်လုပ်ရသောအပင်ဟူ၍ မြန်မာ အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယပြီးလျှင် ဝါးဖြစ်ထွန်းမှု တတိယ အများဆုံးနိုင်ငံဖြစ်ပြီး ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် အလေ့ကျပေါက်ရောက်လျက်ရှိသည်။ ၎င်းတို့အနက် ဝါးပိုးဝါး၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးယား၊ သိုက်ဝါး၊ မျက်ဆန်ကျယ်၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ ဝါးဖယောင်း၊ ထီးရိုးဝါး၊ ဝါးမင်း အစရှိသည့်ဝါးများမှာ စီးပွားရေးအရ ဈေးကွက်ဝင်သည့် ဝါးပင်အမျိုးအစားများဖြစ်ကြသည်။ ဝါးပင်များသည်ကမ္ဘာ့ကြီးထွားမှုအမြန်ဆုံး အပင်အမျိုးအစားဖြစ်၍ တစ်ရက်လျှင် တစ်မီတာအထိ မြင့်မားနိုင်ပြီး နှစ်ရှည်ခံသည့်အပင်အမျိုးအစားဖြစ်သည်။ ဝါးပင်များသည် လေထုထဲရှိ များစွာသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို စုပ်ယူနိုင်စွမ်းရှိခြင်း၊ အမြစ်ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာသည့်အတွက် မြေဆီလွှာရေတိုက်စားမှုကို အထူးကာကွယ်ပေးနိုင်ခြင်း၊ ရာသီဥတုပူနွေးမှုကို လျှော့ချသည့်နေရာတွင် ကူညီပေးနိုင်ခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုလည်း အထူးအကျိုးပြုသည့်အပင်ဖြစ်သည်။

သဘာဝတရား၏ လက်ဆောင်ဖြစ်သော ဝါးကို **စားသောက်ကုန်(Food Stuff)** (ဥပမာ– မျှစ်၊ မျှစ်ချဉ်၊ မျှစ်ခြောက်)၊ **ဆောက်လုပ်ရေး (Construction)** (ဥပမာ– ဝါးတဲ၊ ဝါးအိမ်၊ ဝါးတံတား၊ နှီးဘုရား)၊ **သယ်ယူပို့ဆောင်ရေး (Transportation)**(ဥပမာ–ဝါးဖောင်၊ နွားလှည်း၊ ထမ်းစင်)၊ **ဆေးဝါး (Medicine)**(ဥပမာ– Bamboo Acid၊ Cosmetics၊ Bamboo ash)၊ **လူသုံးကုန်ပစ္စည်း(Commodities)** (ဥပမာ– စက္ကူ၊ ယပ်တောင်၊ ဖျာ၊ တောင်း၊ ခြင်း)၊ **ဝါးအမျှင်(Bamboo Fiber)**(ဥပမာ– ဝါးချည်မျှင်) စသည်ဖြင့် နေရာအမြောက်အမြားတွင် အသုံးပြုနိုင်သည်။

**➤➤ ယခုအခါဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ ပေါင်းစပ်တီထွင်လာမှုဖြင့် တန်ဖိုးမြင့် ဝါးထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ ဝါး အထပ်သား၊ ဝါးဖျာဘုတ်ပြား၊** Bamboo Particle Board၊ Bamboo Lumber **များထုတ်လုပ်သုံးစွဲလာနိုင်ပြီဖြစ်ရာ သစ်၏နေရာတွင် အစားထိုးအသုံးပြုနေကြပြီဖြစ် . . .**

**➤➤ ကျေးလက်နေပြည်သူများအတွက် လက်တစ်ကမ်းတွင် ရှိနေသော ဝါးပင်များကိုစနစ်တကျစိုက်ပျိုးထုတ်လုပ်အသုံးချခြင်း ဖြင့် ဝင်ငွေတိုးစေ . . .**

ဝါးသည် မြန်မာနိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် အလွယ်တကူရရှိ စိုက်ပျိုးနိုင်သော တန်ဖိုးမဖြတ်နိုင်သည့် သယံဇာတဖြစ်သည်။ သို့ဖြစ်၍ ဒေသခံများအနေဖြင့် နီးစပ်ရာအိမ်သုံးပစ္စည်းများကိုအသုံးပြု၍ ဝါးမှ ဝါးပျော့ဖတ်၊ စက္ကူနှင့် ချည်မျှင်ထုတ်ယူခြင်းတို့အား အလွယ်တကူ ပြုလုပ်နိုင်မည့် ဒေသန္တရနည်းလမ်းများကို လက်တွေ့အသုံးချဗဟုသုတအဖြစ် စာရေးသူလေ့လာမှတ်သားမိသမျှ မျှဝေလိုပါသည်။

**ဝါးရွေးချယ်ခြင်း**

စက်ပစ္စည်းအကြီးစားများမသုံးဘဲ ဒေသန္တရနည်းလမ်းဖြင့် ဝါးပျော့ဖတ်ထုတ်လုပ်ပုံသည် ရှေးကျသော်လည်း စနစ်ကျသည်။ ဒေသန္တရနည်းလမ်းဖြင့် ဝါးမှ ဝါးပျော့ဖတ်ပြုလုပ်ခြင်းသည် အဆင့်ဆင့်ဆောင်ရွက်ရသော လက်မှုပညာရပ်တစ်ခုဖြစ်ပြီး အချိန်ယူရသော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ပထမဆုံးအဆင့်မှာ အသုံးပြုမည့်ရည်ရွယ်ချက်အပေါ်မူတည်၍ သင့်လျော်သောဝါးကို ရွေးချယ်ဖြတ်တောက်ခြင်းဖြစ်သည်။ လက်မှုစက္ကူ (Handmade Paper) ပြုလုပ်ရန်အတွက် ရက် ၄၀ မှ ရက် ၅၀ ခန့် သက်တမ်းရှိ ဝါးနုများအားလည်းကောင်း၊ ဝါးချည်မျှင်ထုတ်ယူရန်အတွက် အမျှင်ဓာတ်(Cellulose) အားကောင်းပြီး ရင့်မာသည့် သက်တမ်းသုံးနှစ်အထက်ရှိ ဝါးရင့်များကိုလည်းကောင်း ရွေးချယ်အသုံးပြုကြရမည်။

**လက်မှုစက္ကူ (Handmade Paper) ပြုလုပ်ခြင်း**

စက္ကူအတွက် ဝါးကိုပျော့ဖတ်ပြုလုပ်ရာတွင် စက်မပါဘဲလက်နှင့်ထောင်းရမည်ဖြစ်၍ အမျှင်နုသည့် ဝါးပိုးဝါး သို့မဟုတ် ဝါးနု (အသက်တစ်နှစ်အောက်) ကို အသုံးများသည်။ ရွေးချယ်ပြီးသော ဝါးကိုခုတ်ဖြတ်ပြီးနောက် အကိုင်းအခက်များနှင့် အခွံမာများကိုခွာထုတ်ပစ်ရသည်။ ဝါး၏အပြင်ခွံ အစိမ်းရောင်ကို ဓားနှင့်ခြစ်ထုတ်ပစ်ရသည် (ဒါမှသာ စက္ကူအရောင်ဖြူမည်ဖြစ်သည်)။ ထို့နောက် ဝါးချောင်းများကို အရှည် ၁ မီတာ သို့မဟုတ် ၃ ပေခန့်ရှိ အတုံးများဖြတ်ကာ ထပ်မံ၍အစင်းလိုက်ခွဲခြမ်းရသည်။ အချို့သော ဒေသဆိုင်ရာ နည်းလမ်းများတွင် ဝါးစများကိုရေစိမ်ခြင်း မပြုမီ နေရောင်တွင် ရက်သတ္တပတ်များစွာ လှန်းလေ့ရှိသည်။




၎င်းနောက် ဝါးကိုအစိတ်စိတ်ပိုင်းပြီး ထုံးရည်(Lime Water) သို့မဟုတ် ရိုးရိုးရေထဲတွင် ပျော့အိသွားသည်အထိ စိမ်ထားရသည်။ ဝါးစများကို ထုံးရည်ကြည်ထဲတွင် နှစ်မြှုပ်ထားရသည်။ ဤလုပ်ငန်းစဉ်သည် ဝါးအတွင်းရှိ အညစ်အကြေးများ၊ ကစီဓာတ်နှင့် အဆီဓာတ်များကို ဖယ်ရှားပေးပြီး အမျှင်များကို စတင်ပြိုကွဲစေသည်။ ဤသို့စိမ်ခြင်းကို အနည်းဆုံး နှစ်လကြာပြုလုပ်ရလေ့ရှိပြီး အချို့နည်းလမ်းများတွင် ထုံးရည်စိမ်ပြီးနောက်၊ နောက်ထပ်နှစ်လကြာ ရေသန့်ဖြင့် ထပ်မံစိမ်သည်။

ထုံးရည်စိမ်ပြီးသောဝါးများကို ရေစင်အောင်ဆေးကြောပြီး အိုးကြီးများတွင် ထည့်၍ရက်အတန်ကြာပြုတ်ပေးရသည်။ ဝါးပြားငယ်များကို ဒယ်အိုးကြီးကြီးထဲထည့်၍ ပြာရည် သို့မဟုတ် ထုံးရည်နှင့်ရောပြီး ၁၂ နာရီမှ ၂၄ နာရီအထိ မီးအေးအေးနှင့် ပြုတ်ရသည်။ စက်မှုဇုန်သုံး ဓာတုဆေးများအစား အိမ်သုံးမီးဖိုမှထွက်သောပြာ သို့မဟုတ် ထုံးကို အသုံးပြုကြသည်။ ဤနည်းသည် ဝါးထဲတွင်ရှိသည့်အစေးနှင့် အမျှင်များကို ခွဲထုတ်ပေးပြီး လက်နှင့်ထောင်း၍ရအောင် ပျော့သွားစေသည်။

ဤအဆင့်သည် စက်အစား လူအားသုံးရသည့် အရေးကြီးဆုံးအဆင့်ဖြစ်သည်။ ပြုတ်ပြီးသားဝါးဖတ်များကို ရေစင်အောင်ဆေးပြီး ဆုံထဲတွင်ထည့်ထောင်းရသည်။ အချို့က ရေးရိုးကျောက်ပြားကြိတ်စက် သို့မဟုတ် ရေအားသုံးထုစက်များဖြင့် ကြိတ်ခြေကာ ပျော့ဖတ်အဖြစ်ပြုလုပ်သည်။ ယနေ့ခေတ်တွင် အချို့နေရာများ၌ လျှပ်စစ်ဓာတ်အားသုံး ကြိတ်စက်များကိုပါ အသုံးပြုလာကြသည်။ ဝါးဖတ်များ အဖတ်မတင်တော့ဘဲ ဝါဂွမ်းကဲ့သို့ အမျှင်နုလေးများဖြစ်သွားသည်အထိ အချိန်ယူထုထောင်းရသည်။ ဒေသန္တရအခေါ် ဝါးချွဲဖြစ်အောင်လုပ်ခြင်းဖြစ်သည်။ ကြိတ်ခြေထားသောအရာကို ရေဖြင့်ထည့်မွှေကာ ရွှံ့ညွှန်ကဲ့သို့ အရည်ပျစ်(Slurry)အဖြစ် ပြုလုပ်သည်။ ဤအဆင့်တွင် ဝါးအမျှင်များသည် တစ်ခုနှင့်တစ်ခု သီးခြားစီကွဲထွက်သွားသည်။

နောက်ဆုံးအဆင့်သည် ရရှိလာသော ဝါးပျော့ဖတ်ကို သန့်စင်အောင်ဆေးကြောခြင်းဖြစ်သည်။ ထောင်းထားသည့် ဝါးပျော့ဖတ်များကို ရေကန်အငယ်စားထဲထည့်ဖျော်၍ ပျော့ဖတ်များရေထဲတွင် ညီညီညာညာပျံ့နှံ့နေအောင် သစ်သားတုတ် သို့မဟုတ် ဝါးလှော်တက်ဖြင့် မွှေပေးရသည်။ ကျန်ရှိနေသော အညစ်အကြေးများ၊ အဖတ်မာများကို လက်ဖြင့်ဖြစ်စေ၊ ကိရိယာငယ်ဖြင့်ဖြစ်စေထုတ်ပစ်ရသည်။ သန့်စင်ပြီးသော ဝါးမျှင်များကို ဝါးသားကွက် သို့မဟုတ် ပိတ်စပတ်ထားသည့် မှန်ပေါင်ကဲ့သို့သော ဆန်ခါ (Mold) ကို သုံးပြီး ရေကန်ထဲရှိ ပျော့ဖတ်များကို ဆယ်ယူရသည်။ ရေစစ်သွားသည့်အခါ ဆန်ခါပေါ်တွင် ပျော့ဖတ်အလွှာပါးလေးတင်ကျန်ခဲ့မည်ဖြစ်သည်။ ဤသို့ဖြင့် စက္ကူလုပ်ရန် အသင့်ဖြစ်နေသော ဝါးပျော့ဖတ်ကိုရရှိသည်။

ဆန်ခါပေါ်တွင်တင်နေသည့် စိုစွတ်နေသော စက္ကူချပ်ကို နေပူထဲတွင် အခြောက်ခံရသည်။ လုံးဝခြောက်သွားသည့်အခါ ဆန်ခါပေါ်မှ အသာအယာခွာယူခြင်းဖြင့် ဝါးစက္ကူ (Bamboo Paper)ကို ရရှိမည်ဖြစ်သည်။ ဤသို့ပြုလုပ်ထားသော စက္ကူသည် စက်ရုံထုတ်ကဲ့သို့ ချောမွေ့ခြင်းမရှိသော်လည်း အလွန်တာရှည်ခံပြီး မင်စုပ်ယူမှုအားကောင်းသဖြင့် ပန်းချီဆွဲခြင်း၊ လက်ဆောင်ဘူးပြုလုပ်ခြင်းနှင့် လက်မှုပစ္စည်းများပြုလုပ်ရာတွင် အလွန်အသုံးဝင်သည်။

အဆိုပါ လက်မှုနည်းဖြင့် ထုတ်လုပ်ထားသည့် ဝါးစက္ကူချပ်များကို စာရေးရလွယ်ကူပြီး ကြည့်ကောင်းသည့် အဆင့်မြင့်ထုတ်ကုန်ဖြစ်လာအောင် အချောသပ်သည့် (Finishing) နည်းလမ်းများလည်းရှိသည်။ နေလှန်းပြီးသား စက္ကူများသည် အနည်းငယ်ကောက်ကွေးနေတတ်သည်။ ယင်းကို ပြေပြစ်သွားအောင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဖော်ပြပေးပါမည်။

**ကျောက်ချောတိုက်ခြင်း (Stone Burnishing)** ဤနည်းလမ်းသည် ရှေးကျပြီး အလွန်ထိရောက်သည့် နည်းလမ်းဖြစ်သည်။ စက္ကူချပ်ကို ညီညာသောသစ်သားပြားပေါ်တင်ပြီး ချောမွေ့သည့် မြစ်ကျောက်ခဲ သို့မဟုတ် ဖန်ခွက်အောက်ခြေနှင့်ဖိပြီး အထက်အောက် ပွတ်ပေးခြင်းဖြင့် စက္ကူသားပိုမိုသိပ်သည်းသွားပြီး ပြောင်ချောလာသည့်အတွက် မင်သားထင်လွယ်စေသည်။

**မီးပူတိုက်ခြင်း (Ironing)** ခေတ်သစ်နည်းလမ်းအရ အိမ်သုံးမီးပူကိုအသုံးပြု၍ စက္ကူချပ်ပေါ်တွင် ပိတ်စပါးပါးလေးအုပ်ပြီး မီးပူအေးအေးဖြင့် တိုက်ပေးခြင်းဖြင့် စက္ကူ၏အစိုဓာတ်ကို ထပ်မံဖယ်ရှားပေးပြီး မျက်နှာပြင်ကို တညီတညာတည်းဖြစ်စေသည်။

**စာရေးနိုင်ရန် အနားသတ်ခြင်း (Sizing for Writing)** အကယ်၍ ပျော့ဖတ်ကန်ထဲတွင် ကစီဓာတ်မထည့်ခဲ့ရလျှင် ယခုအချောသပ်အဆင့်တွင်လုပ်ဆောင်နိုင်သည်။ တီရစ္ဆာန်ကော် သို့မဟုတ် ဂျယ်လတင် (Gelatin) အရည်ကျဲလေးကို စုတ်တံဖြင့် စက္ကူမျက်နှာပြင်ပေါ် သုတ်ပေးခြင်းဖြင့် စက္ကူ၏ချွေးပေါက်လေးများပိတ်စေ၍ ဖောင်တိန် သို့မဟုတ် စုတ်တံဖြင့် ရေးသည့်အခါ မင်များဘေးပြန့်ခြင်းမရှိနိုင်တော့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ဒေသန္တရနည်းဖြင့်ပြုလုပ်ထားသည့် ဝါးစက္ကူများအား ရှမ်းစက္ကူထီး၊ မီးပုံးနှင့် ယပ်တောင်များ၊ ဝါးစက္ကူပန်းချီကားများပြုလုပ်ခြင်းနှင့် လက်ဖက်ခြောက်ထုပ်ခြင်း (ဝါးစက္ကူသည် လေဝင်လေထွက်ကောင်းပြီး **စာမျက်နှာ ၁၄ သို့** ❖

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** — ပထမဆု
အောင်ဇော်ဦး(ရဲတီးပိုင်း)

၂။ **တပ်မတော်သားဗီဗီ** — ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရှပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** — တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** — စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** — ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** — ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** — ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** — တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** — စတုတ္ထဆု
ကေသီအောင်

၅။ **တုန့်ရှင်းမဲ့စစ်သည်တွေ** — ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** — ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** — ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** — တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** — စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စိုလေး** — ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** — ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** — တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** — စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** — ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** — ပထမဆု
မနေဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** — ဒုတိယဆု
မနေသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** — တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** — စတုတ္ထဆု
မောင်အေးချမ်း(နေဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** — ပဉ္စမဆု
ကိုစော (ပထဝိင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** — ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** — တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** — စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** — ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** — ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** — ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** — တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** — စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** — ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** — ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** — ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြိုးနိုင်** — တတိယဆု
ဘုန်းရန်နိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** — စတုတ္ထဆု
မောင်စုးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ခွံ** — ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

◆ စာမျက်နှာ ၁၃ မှအဆက်

အနံ့ကိုထိန်းသိမ်းပေးနိုင်သည်) စသည့်နေရာများတွင် အမြတ်တနိုးသုံးစွဲကြသည်။ ဖော်ပြပါနည်းစနစ်ကိုအခြေခံ၍ မိမိတို့အိမ်တွင် ဝါးစက္ကူများအား စမ်းသပ်ထုတ်လုပ်ကြည့်နိုင်သည်။

**ဝါးချည်မျှင်ပြုလုပ်ခြင်း**

ဝါးမှတစ်ဆင့်ချည်မျှင် (Bamboo Fiber) ထုတ်ယူသည့် ဒေသန္တရနည်းလမ်းမှာ စက္ကူပြုလုပ်ပုံနှင့် ဆင်တူသော်လည်း အမျှင်ရှည်ရှည်ရရှိနိုင်ရန် ပိုမိုဂရုစိုက်ရသည့် နည်းလမ်းဖြစ်သည်။ စက္ကူပြုလုပ်သကဲ့သို့ ဝါးနုကိုမသုံးရပါ။ အမျှင်ဓာတ် (Cellulose) အားကောင်းပြီး ရင့်မာသည့် ဝါးရင့် (သက်တမ်းသုံးနှစ်အထက်)ကို သုံးရသည်။ ဝါးလုံးကို အဆစ်များဖယ်၍ အလွှာပါးပါးလေးများဖြစ်အောင် ခွာနှင့်ခြစ်ရသည်။ အလွှာပါးလေလေ ဆေးရည်စိမ့်ဝင်ပြီး အမျှင်ထုတ်ရလွယ်လေလေဖြစ်သည်။ ဝါး၏အမျှင်များကို ပေါင်းစည်းထားသည့် အစေး(Lignin)များကို ဖယ်ရှားနိုင်ရန် သဘာဝအင်ဇိုင်း သို့မဟုတ် ထုံးရည်ဖြင့်စိမ်ရသည်။ ဝါးလွှာများကို ထုံးရည် သို့မဟုတ် သစ်သားပြာများဖျော်ထားသည့်ပြာရည်ထဲတွင် အနည်းဆုံး တစ်ပတ်မှ နှစ်ပတ်အထိ စိမ်ထားရမည်။ ၎င်းသည်ဝါးသားကိုနူးညံ့စေပြီး အမျှင်ဓာတ်များကို အခြားအသားများမှ ကွဲထွက်စေသည်။

**အမျှင်ထုတ်ခြင်း (Mechanical Extraction)** ဤအဆင့်တွင်စက်မသုံးဘဲ လက်ဖြင့်အမျှင်ဆွဲထုတ်ရသည်။ နူးညံ့သွားသည့် ဝါးပြားလေးများကို သစ်သားတူနှင့် ထုရိုက်ပြီး ပွတက်လာသည့် ဝါးသားများကို ဘီး သို့မဟုတ် သံဘီး(Comb) နှင့် အသားများကွာကျပြီး ဝါးအမျှင်ဖြူဖြူလေးများ ကျန်ရစ်သည်အထိ အထပ်ထပ်ခြစ်ချရသည်။ ရလာသည့်အမျှင်များကို ရေစင်အောင်ဆေးပြီး နေလှန်းရသည်။ ပိုဖြူလိုပါက ရှေးနည်းအရ ဆန်ဆေးရည်ထဲတွင် စိမ်ပြီး နေလှန်းခြင်းမျိုးလုပ်ဆောင်နိုင်သည်။

**ချည်ငင်ခြင်း (Spinning)** ခြောက်သွေ့သွားသည့်ဝါးအမျှင်များကို ဗိုင်းငင်သကဲ့သို့ သို့မဟုတ် ချည်ငင်သည့်စက်ကလေးဖြင့်လှည့်ပြီး ဝါးချည်မျှင် (Bamboo Yarn) အဖြစ် ပြောင်းလဲရယူသည်။ ၎င်းချည်မျှင်များဖြင့် အထည်ရက်လုပ်ခြင်း၊ ခြင်းတောင်းရက်ခြင်းတို့တွင် အသုံးပြုနိုင်သည်။ ဝါးချည်ဖြင့် ရက်ထားသောအထည်သည် နွေရာသီတွင် အလွန်အေးမြသည်၊ သဘာဝအတိုင်း ပိုးမွှားဒဏ်ခံနိုင်သည့် ဂုဏ်သတ္တိ (Bamboo Kun) ပါဝင်သည်။ ချွေးစုပ်ယူမှုအလွန်ကောင်းမွန်သည်။ ဒေသန္တရနည်းဖြင့်ထုတ်ယူသည့်အတွက် ဝါးအမျှင်များသည် စက်ရုံထုတ်ကဲ့သို့ သေးငယ်ညက်ညောခြင်းမရှိနိုင်သော်လည်း ရိုးရာလက်မှုအိတ်၊ ဖျာနှင့် ခိုင်ခံ့သည့် အထည်ကြမ်းများရက်လုပ်ရန် အလွန်သင့်လျော်သည်။

ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ ပေါင်းစပ်တီထွင်လာမှုဖြင့် တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဝါးပါကေး၊ ဝါးကြမ်းခင်းပြား၊ ဝါးအထပ်သား၊ ဝါးဖျာဘုတ်ပြား၊ Bamboo Particle Board၊ Bamboo Lumber များ ထုတ်လုပ်သုံးစွဲလာနိုင်ပြီဖြစ်ရာ သစ်၏နေရာတွင် အစားထိုးအသုံးပြုနေကြပြီဖြစ်သည်။ ထို့ပြင် ဝါးထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရာမှထွက်ရှိလာသည့် ဝါးအပိုင်းအစများကို ဝါးမီးသွေးထုတ်လုပ်ခြင်း၊ ဝါးအချဉ်ရည်မှ လူသုံးကုန်ပစ္စည်းနှင့် ဆေးဝါးများထုတ်လုပ်ခြင်း၊ ဝါးအမျှင်မှအဝတ်အထည်များထုတ်လုပ်ခြင်း စသည်ဖြင့် ဝါးပင်မှ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နိုင်သည်။ သို့ဖြစ်၍ ကျေးလက်နေပြည်သူများအတွက် လက်တစ်ကမ်းတွင်ရှိနေသော ဝါးပင်များကို စနစ်တကျစိုက်ပျိုးထုတ်လုပ်အသုံးချခြင်းဖြင့် ဝင်ငွေတိုးစေရန် ရေးသားဖော်ပြလိုက်ရပါသည်။ ။

**MWD Variety Channel**

**၁၈-၃-၂၀၂၆(ဗုဒ္ဓဟူးနေ့)**

၁။ ၀၉:၂၀ ရာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၀:၃၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၃။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင် မြင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သား အားကစားသမားများ
၄။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကာဇက်စတန်နိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလေ့လာရေး အစီအစဉ်သို့သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ




**နေပြည်တော် မတ် ၁၇**

ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလေ့လာရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် ဦးခင်မောင်ကြီးတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၁၄ ရက်တွင် ဗဟိုဆန္ဒခံယူပွဲကော်မရှင် (The Central Referendum Commission of the Republic of Kazakhstan – CRCRK) ၌ ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားသို့တက်ရောက်ခြင်း၊ မတ်လ ၁၅ ရက်တွင် မဲရုံများစတင်ဖွင့်လှစ်မှုအခြေအနေနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုလုပ်ငန်းစဉ်များကို လေ့လာခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်မှုလုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ကြပြီး မတ်လ ၁၆ ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၏ ကနဦးရလဒ်များထုတ်ပြန်ခြင်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်လေ့လာခဲ့ကြသည်။

ထို့ပြင် လေ့လာရေးခရီးစဉ်သို့ တက်ရောက်လာသည့်နိုင်ငံတကာရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြဝတီ

# လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူ တစ်ဦးအား ချီးမြှင့်ငွေများနှင့်အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၇**

ကယားပြည်နယ်၊ လှိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံတွင်ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆရာဝန်များနှင့်ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုခဲ့ကြ



**ရန်ကုန် မတ် ၁၇**

၂၀၂၅-၂၀၂၆ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခုမှ မြို့နယ် ၄၅ မြို့နယ်ရှိ စာစစ်ဌာန ၁၁၁ ခုတွင် စာစစ်ဌာန ၁၀၇ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ၏ သိပ္ပံ/ဝိဇ္ဇာဘာသာရပ်များ နောက်ဆုံးဖြေဆိုမှုအဖြစ် ဇီဝဗေဒ၊ ဘောဂဗေဒဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုခဲ့ကြသည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုအတတ်ပညာဘာသာတွဲ၌ လက်သမားအတတ်ပညာနှင့်သစ်သားလုပ်ငန်း၊ စက်မှုလက်မှုသုံး လျှပ်စစ်မော်တာထိန်းချုပ်မှုနှင့်စက်ခုတ်စားမှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာဘာသာတွဲ၌ လူမှုရေးသိပ္ပံနှင့် မွေးမြူရေးအတတ်ပညာဘာသာတွဲ၌ စားမြို့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်တို့ကို စာစစ်ဌာနလေးခု၌ ကျောင်းသား ၂၄၄ ဦး၊ ကျောင်းသူ ၁၅၈ ဦးဖြင့် စုစုပေါင်း ၄၀၂ ဦး ပျက်ကွက်သူမရှိဘဲ ဖြေဆိုကြကာ အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာန၌ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ သုံးဦး စုစုပေါင်း ၃၆ ဦး၊ မင်္ဂလာဒုံ၊ သဃ်္ဃန်းကျွန်း၊ ဒဂုံ(မြောက်)၊ မြောက်ဥက္ကလာပ၊ ဗဟန်းနှင့် လမ်းမတော်မြို့နယ်ရှိ ဆေးရုံတို့၌ ကျောင်းသား တစ်ဦး၊ ကျောင်းသူ ခြောက်ဦး စုစုပေါင်း ခုနစ်ဦးဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် ယာဉ်ထိန်းတပ်ဖွဲ့နှင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရန် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များကလည်းကောင်း၊ ကျန်းမာရေးအတွက် သက်ဆိုင်ရာမြို့နယ်များမှ ကျန်းမာရေးမှူးများနှင့် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များကလည်းကောင်း စတင်ဖြေဆိုချိန်မှ ပြီးဆုံးချိန်အထိ စောင့်ကြပ်ပေးခဲ့ကြသည်။

မတ်လ ၁၈ ရက်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် နောက်ဆုံးဘာသာအဖြစ် စက်မှုအတတ်ပညာဘာသာတွဲ၌ မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာရပ်တို့ကို ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ – ကနူး၊ ညိမ်းသူ(သတင်းစဉ်)

## ၁၇-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၁°c / | ၃၆°c |
| ရန်ကုန် | ၂၁°c / | ၃၆°c |
| မန္တလေး | ၂၁°c / | ၃၆°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အရှက်ဆွမ်းဆက်ကပ်လှူဒါန်း၍ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

**နေပြည်တော် မတ် ၁၇**

၂၀၂၆ ခုနှစ် မတ်လ ၁၇ ရက်တွင် ကျရောက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏(၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အပိုင်းသုံးပိုင်းခွဲ၍ စည်ကားသိုက်မြိုက်စွာကျင်းပရာ သံဃာတော်များအား အရှက်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို နံနက် ၆ နာရီတွင် လည်းကောင်း၊ ထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲနှင့် အကပြပွဲများကို ည ၆ နာရီတွင်လည်းကောင်း ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နေပြည်တော် တပ်ကုန်းမြို့နယ် ရှမ်းစပ်ကုန်းမြောက်ကျောင်းဆရာတော် ဦးကောသလ္လနှင့် ရတနာမုန်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသတို့ အမှူးပြုသော ပင့်သံဃာတော်ငါးပါးတို့ကို ဆွမ်းနှင့်လှူဖွယ် ဝတ္ထုများဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များရွတ်ဖတ်ပူဇော် ဆုတောင်းမေတ္တာပို့သကြပြီး တက်ရောက်လာသည့်ဧည့်သည်တော်များကို နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနအတွင်းကျင်းပခဲ့သည့်ဒီဇင်ဘာအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးနိုင်ဝင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် အငြိမ်းစားအရာထမ်းအမှုထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့သံတမန်ရေးရာ သမိုင်းကြောင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော် သက်တမ်းရှိခဲ့ပြီး ခေတ်အဆက်ဆက်တွင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက်ကျင့်သုံးခဲ့ကြောင်း၊ လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံနှင့်သံတမန်အဆက်အသွယ်ထူထောင်ထားပြီး ပြည်ပနိုင်ငံများ၌ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၅၂ ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကိုမြှင့်တင်ရန် အလေးထားဆောင်ရွက်လျက်ရှိရာတွင် ICJ ၌ ခိုင်မာစွာ ခုခံချေပခြင်း၊ အွန်လိုင်းလိမ်လည်မှုများအား Zero Tolerance Policy ဖြင့် နှိမ်နင်းခြင်းတို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်၍ နိုင်ငံတော်အပေါ် ယုံကြည်မှုနှင့် လေးစားမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စသည်ဖြင့် အပြုသဘောအောင်မြင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် သံတမန်နည်းလမ်းသည် ပို၍ အရေးပါလာနေကြောင်း၊ သံတမန်မျိုးဆက်များအကြား အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့်လေ့လာမှုတို့ကိုပေါင်းစပ်၍ သံတမန်မျိုးဆက်ကောင်းများ စဉ်ဆက်မပြတ် ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိ၍ ချမှတ်ထားသည့် မူဝါဒများ၊ ဝန်ထမ်းကျင့်ဝတ်၊ သံတမန်ကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာရန် လိုအပ်ကြောင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ အကျိုးနှင့်အခွင့်အရေးကို တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်ကကဲ့သို့ အခက်အခဲများကြားမှ ကြံ့ကြံ့ခံတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းမိသားစုများအား အထူးမှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် မည်သည့်စိန်ခေါ်မှုများကိုမဆို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းမှအားစိုက်ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ထမ်းများက တေးသံသာများ သီဆိုခြင်း၊ ဦးစီးဌာနများ၏ ယိမ်းအကပြိုင်ပွဲ ကျင်းပခြင်းတို့ဖြင့် ဖျော်ဖြေခဲ့ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲ ၇၆ ဆုနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအတွက် ဆုငါးဆုမဲဖောက်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

# ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ Naypyitaw State Academy ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ် ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်းပထမနှစ်နှင့် မဟာတန်း ဒုတိယနှစ်သင်တန်းများ၏ ပထမပညာသင်ကာလစာမေးပွဲများတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

Naypyitaw State Academy ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလ စာမေးပွဲများကို မတ်လ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိပြီး ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများအဆင်ပြေချောမွေ့ရေး ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနရှိ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။



နေပြည်တော်ကောင်စီနယ်မြေရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန စုစုပေါင်း ၄၉ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်ကျောင်းသား၊ ကျောင်းသူ ၁၄၉၁၄ ဦး စာရင်းပေးသွင်းကြပြီး ဆဋ္ဌမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုသူ ၁၄၀၈၅ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းပွဲကျင်းပ



**ပဲခူး မတ် ၁၇**

၂၀၂၆ခုနှစ် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို “ကမ်းလင့်ကြိုမည် ပဲခူးတိုင်းဌာနီ” သီချင်းဖြင့် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးစသည့် ကဏ္ဍအသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်ခဲ့သူ ၂၆ ဦးကို ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ထူးချွန်ဆုရရှိသူများကို ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တေးသံရှင်များက “လူချွန်လူကောင်း၊ လုလင်ငယ်သွေး၊ သပြေညို၊ အောင်မြင်ခြင်း အတူတူ”စသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဥဩသာတိုင်းသား

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၁/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် မတ် ၁၇

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ကော်မတီဖွဲ့စည်းပြီးချိန်မှစတင်၍ လုပ်ငန်းများထိရောက်အောင်မြင်ရန်အတွက် အထူးသဖြင့် မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လျော့ချနိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများကျင်းပခဲ့ရာ အစည်းအဝေး ငါးကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအစည်းအဝေးကို တစ်နှစ်လျှင် သုံးကြိမ်ကျင်းပနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့ပြုလုပ်ရသည့် အစည်းအဝေးသည် နှစ်စဉ်မီးခိုးမြူငွေ့မြင့်တက်လေ့ရှိသည့် မတ်လ၊ ဧပြီလနှင့်မေလတို့အတွက် Fire Hotspot လျှော့ချနိုင်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း။

Fire Hotspot ဖြစ်ပေါ်မှုသည် ရာသီဥတုပူပြင်းခြောက်သွေ့သည့်နှစ်များတွင် ပိုမိုဖြစ်ပေါ်လေ့ရှိပြီး နှစ်စဉ်ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုများဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများအကြား မကြာခဏကြုံတွေ့ရလေ့ရှိသဖြင့်ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေး လုပ်ငန်းစဉ်များကို အလေးထားပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်၊ သိပ်သည်းဆပေါ်မူတည်၍ ဦးစားပေးဒေသများသတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ မြေဩဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုမှုကိုတားဆီးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အစီအမံများချမှတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဓိကမီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများအနေဖြင့် အများစုမှာ တောမီးလောင်ကျွမ်းမှု၊ တောင်ယာခုတ်ထွင်ရှင်းလင်းရန် မီးရှို့မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ မီးရှို့မှုတို့ကြောင့်ဖြစ်သဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှုထပ်မံဖြစ်ပေါ်မှု မရှိစေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများ ဆောင်ရွက်ခြင်းမပြုစေရေးကြိုတင်အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Fire Hotspot လျှော့ချနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်အတွက် ရည်မှန်းထားသည့်အတိုင်း လျှော့ချနိုင်ရေးတို့အား အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ဇန်နဝါရီလမှ မေလအထိ ရိုးပြတ်များမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုခြင်းတို့ကိုထိန်းချုပ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ကျေးလက်ဒေသများတွင် အလေးထားဆောင်ရွက်နိုင်ရေးနှင့် Fire Hotspot ကွင်းဆင်းစစ်ဆေးတွေ့ရှိခဲ့သည့်ဒေသများတွင် တောင်ယာမီးမရှို့ရေးနှင့် ရိုးပြတ်များမီးမရှို့ရေးတို့ကို ကြိုတင်အသိပေးဆောင်ရွက်နိုင်ရေးကိစ္စနှင့်မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒေသအလိုက် Fire Hotspot စောင့်ကြည့်ခြင်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းများလည်း ပုံမှန်ပြုလုပ်၍ သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများလည်း ဆက်လက်ပြုလုပ်သွားရန်လိုကြောင်း၊ တက်ရောက်လာသည့်ကော်မတီဝင်များအနေဖြင့် ပြီးခဲ့သည့်ညှိနှိုင်းအစည်းအဝေးများတွင် ဆွေးနွေးခဲ့မှုများအရ ပေးပို့လာသည့် လစဉ်လုပ်ငန်းဆောင်ရွက်မှုအချက်အလက်များအပြင် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များတွင်ပါဝင်သည့်အသိပညာပေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများ၊ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခုနှင့် ကျောင်းအားလုံးပေါင်း ၁၀၀ ကျော်တို့တွင် နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဖော်ဆောင်ပေးလျက်ရှိသည့် ထိုင်းနိုင်ငံက ပေးပို့သည့် အသိပညာပေးဗီဒီယိုဖိုင်ကိုပြသခြင်းဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက တောမီးရှို့သည့်ပြဿနာ၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုပြဿနာသည် မိမိတို့ဒေသတွင်း၌ အင်မတန်အရေးကြီးသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်လာကြောင်း၊ ASMC Website ကနေ ရရှိသည့် အချက်အလက်များအရ ပြီးခဲ့သည့်နှစ်များအတွင်း မတ်လနှင့်ဧပြီလတို့တွင် မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသတို့၌ Hotspot များ အများဆုံးဖြစ်ပေါ်နေသည်ကိုတွေ့ရသည့်အတွက် လျှော့ချနိုင်ရန်အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်မီးခိုးမြူငွေ့ပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် Fire Hotspot ဖြစ်ပွားမှုနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူထားရှိမှု၊ ဆောင်ရွက်ဆဲ၊ မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၏လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

# နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လဟယ်-ဟွေထိုက်-ပုံညိုနောက်အင်းကြား ၂၀ မိုင်အနက် မြေသားလမ်း ၃ မိုင် အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အဆိုပါလမ်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၇၆၂၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# NIA of India arrests six Ukrainian nationals and one US national on charges of conspiring to carry out terrorist activities against India

NEW DELHI March 17

The National Investigation Agency (NIA) of India arrested seven foreign nationals on charges of conspiring to carry out terrorist activities against India, said the Indian Express.

The seven arrested foreigners included six Ukrainian nationals and one from the United States, and the arrests were made at Delhi, Kolkata and Lucknow airports. Although the said foreigners entered India onvalid visas, they went to Mizoram without the mandatory Restricted Area Permit, and from there the accused crossed into Myanmar, where they reportedly met ethnic groups hostile to India.Investigations also uncovered that drones from Europe were delivered by them to armed groups.

The suspects were remanded until March 27 by a court in Delhi, and further investigation is underway, according to Indian Express.

100



The Indian EXPRESS
JOURNALISM OF COURAGE
SUBSCRIBE
Home ePaper India Cities UPSC Premium Ente

NIA arrests six Ukrainians, one from US for plotting terror activities in India

Suspects picked up at airports in Delhi, Kolkata, Lucknow, remanded in custody by a Delhi court until Mar 27,

Written by: Nirbhay Thakur, Mahender Singh Manral

3 min read New Delhi Updated: Mar 17, 2026 05:45 AM IST



The arrests, made in a coordinated operation by multiple NIA teams last week, were made under Section 18 of the Unlawful Activities (Preventio (UAPA), along with other relevant sections.

READ IN APP

# Sweet corns planted in Ngaputaw Township this winter

NGAPUTAW March 17

Local farmers cultivated 3,766 acres of sweet corns as cold season crops in Ngaputaw Township of Ayeyawady Region this year, according to the Township Agriculture Department.

In Ngaputaw Township, during this year's winter cropping season, a total of 3,766 acres of sweet corn were earmarked for cultivation. Planting began in the first week of October 2025, and as of today, all designated acres have been fully planted.

"During the winter cropping season, we carried out advance preparations by providing the necessary technologies and other forms of assistance so that farmers could cultivate maize and other winter crops without difficulty," said U San Win, Township Head of the Department of Agriculture in Ngaputaw Township.

"This year, sweet corn was cultivated on the planned 3,766 acres. To ensure full completion of planting, good yields, and quality production, the Department of Agriculture and relevant departments worked together to provide proper cultivation techniques and other required support. Compared with previous years, systematic measures were also implemented to improve yields and quality and to prevent pest infestations. At present, planting of sweet corn has been completed on 100 percent of the targeted acreage," he said.

During this year's monsoon cropping season, the Department of Agriculture has been carrying out field-based farmer education activities in Ngaputaw Township to enable smooth cultivation of sweet corn, prevent pest threats such as leaf-rolling caterpillars, leaf-eating insects, and cutworms, and to ensure good yields and quality production of sweet corns crops.

SK

# Phaungpyin Township grows more than 10,000 acres of groundnut

PHAUNGPYIN March 17

Statistics of Mawlaik District Agriculture Department stated that local farmers planted 10,944 acres of groundnut in Phaungpyin Township of Sagaing Region this year.

During the 2025-2026 winter cropping season, Phaungpyin Township has planned to cultivate 11,516 acres of groundnut. Cultivation began in October 2025, and as of now, 10,944 acres have already been planted, according to reports.

"In the winter cropping season in Phaungpyin Township, 11,516 acres of groundnut were targeted for cultivation, and 10,944 acres have been planted. Groundnut cultivation is progressing successfully and showing good results. As an oilseed crop, it is in a favorable condition, and groundnut cultivation has been improving year by year," said Daw Kywe Kywe Hlaing, District Head of the Department of Agriculture in Mawlaik District.

In Phaungpyin Township, groundnut cultivation requires one and a half baskets of seed per acre. Including the costs of seed, labour charge, fertilizers, and pesticides, total cultivation expenses exceed Ks-200,000 per acre. Average yields are more than 50 baskets per acre.

To ensure successful groundnut production, prevent pest and disease infestations, and keep fields free from weeds, staff members from the Township Department of Agriculture are conducting regular field inspections and maintaining monitoring records for the crops.

SK

# More than 4,000 acres of green gram grown in Wetlet Township

WETLET March 17

Local farmers planted 4,552 acres of green gram in Wetlet Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025-2026 winter cropping season, a total of 4,565 acres of green gram were earmarked for cultivation in Wetlet Township. Planting began in October 2025, and as of today, cultivation has been completed on 4,552 acres, according to reports.

"During the winter cropping period in Wetlet Township, green gram was planned for cultivation on 4,565 acres, and planting has already been completed on 4,552 acres," said Daw Kyin San, Township Head of the Department of Agriculture in Wetlet Township.

"Green gram cultivation has been increasing year by year. With regard to green gram production, we are providing extension services to encourage expanded cultivation and educating farmers on the use of quality and pure seed to achieve good yields," she said.

In Wetlet Township, the relevant Township Department of Agriculture is providing farmer education on access to regionally suitable quality seed, correct cultivation methods, prevention of pest infestations, systematic use of chemical fertilizers, and measures to ensure good yields for green gram growers.

It is also reported that during this year's winter cropping season, in cultivating various pulses, the Department of Agriculture is working in cooperation with farmers to provide quality seed, agricultural inputs, and post-harvest technologies required to ensure good yields and quality of pulse crops.

SMK

# More than 3,000 acres of pigeon pea harvested in Kanbalu Township



KANBALU March 17

According to the Township Agriculture Department, local farmers harvested more than 3,000 acres of pigeon pea as monsoon crops in Kanbalu Township of Sagaing Region this year.

In Kanbalu Township, up to 123,366 acres of pigeon pea were successfully cultivated during the monsoon cropping season. Harvesting of these pigeon pea fields began in December 2025, and as of now, 3,636 acres have been harvested. The average yield is reported to be 14.94 baskets per acre.

"In Kanbalu Township, pigeon pea has been cultivated on as many as 123,366 acres. Harvesting of the cultivated fields is currently under way, and to date, more than 3,000 acres have already been harvested. Pigeon pea cultivation has exceeded the originally planned acreage. Measures are also being taken to ensure good yields. Pigeon pea is grown both as a sole crop and as an inter-cropped crop," said U Myo Zaw, Township Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, the Township Department of Agriculture is providing field-based awareness and technical support to pigeon pea farmers on the selection of high-quality and pure seeds, proper cultivation methods, pest prevention, and achieving good yields.

The Township Department of Agriculture in Kanbalu Township is also disseminating techniques that combine the use of urea and potash to help pigeon pea farmers reduce the cost of purchasing foliar fertilizers. It is reported that the combined use of urea and potash lowers cultivation costs while promoting healthy plant growth and reducing pest infestations.

**SMK**

# Cultivation of vegetables exceeds the target sown acreage in Katha Township

KATHA March 17

Local farmers cultivated vegetables in Katha Township of Sagaing Region, exceeding the target cultivation, according to the statistics of Katha Township Agriculture.

During the 2025-2026 winter cropping season, Katha Township planned to cultivate 3,220 acres of vegetable crops. Planting began in October 2025, and as of now, cultivation has been completed on 3,815 acres.

"In the winter cropping season in Katha Township, vegetable crops were planned on 3,220 acres, and planting has already been completed on 3,815 acres. The crops include mustard greens, chili, spices, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to ensure that all vegetables are cultivated using the GAP system. We are also offering techniques to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Lay, Township Head of the Katha Township Department of Agriculture.

In Katha Township, the Township Department of Agriculture is providing vegetable farmers with technical training on cultivation under the GAP system, guidance to ensure that vegetables produced from farms are safe and suitable for consumption, and support to encourage farmers to expand vegetable cultivation.

In Katha Township, a wide variety of vegetables are cultivated seasonally each year. These crops have been developing successfully, contributing to household income. The Township Department of Agriculture is also providing awareness and guidance to prospective vegetable farmers on correct cultivation methods, pest prevention, and the preparation and use of natural fertilizers, natural pesticides, and insect repellents.

**SMK**

# Merchants from Pantanaw Township dispatch large volume of catla fish to Yangon market




PANTANAW March 17

Pantanaw Township of Ayeyawady Region sold a large volume of catla fish to Yangon market said Daw Mar Mar Win, the owner of fishery product trading depot in Pantanaw Township.

From Pantanaw Township to the Yangon market,up to 55,000 viss of catla fish were shipped and sold. It is reported that the market price for catla fish has reached Ks-17,000 per viss.

"Catla fish from the Pantanaw area are being shipped and sold mainly to the Yangon market. In the first week of last December, shipments of catla fish have increased again. There is strong domestic demand for catla fish. As demand for catla fish is currently rising, people involved across various sectors of the fisheries industry are doing well," said Daw Mar Mar Win, a fisheries product trader from Pantanaw Township.

Catla fish produced in Pantanaw Township are being shipped and sold to the Yangon market and, via Yangon, further distributed to other regions. It is also reported that fisheries trading depots in the area are shipping and selling local aquatic products, including catla fish, to the Yangon market.

**SK**

# Kangyidaunt Township dispatches 75,000 bags of bran to Yangon market

KANGYIDAUNT March 17

Local businesspersons from Kangyidaunt Township of Ayeyawady Region sold 75,000 bags of bran to Yangon market said Daw Moe Moe Lwin, the owner of rice and paddy trading wholesale centre in Kangyidaunt Township.

From Kangyidaunt Township, up to 75,000 bags of bran (24 pyi per bag) were transported and sold to the Yangon market. It is reported that the bran is used domestically as feed for livestock such as fish, poultry, pigs, and ducks.

"Over the past month, we transported and sold up to 75,000 bags of bran, each containing 24 pyi, to the Yangon market. Bran is a by-product obtained from rice milling and is widely used domestically as animal feed. There is also an export market. At present, as new paddy output remains limited, bran production is also relatively low. Even so, demand from Yangon has been strong this month. As livestock businesses are operating actively, trading of bran bags in the Yangon market has become brisk. With stronger demand, farmers and mill operators are finding their work running smoothly," said Daw Moe Moe Lwin.

Bran produced in Kangyidaunt Township is being purchased mainly by local livestock operators and is also being transported and sold to the Yangon market. The current market price stands at up to Ks-2.95 million per 100 bags.

**SK**

# US was unprepared for scale of Iranian drone threat - Reports

WASHINGTON March 17

The United States was not prepared for the scale of an Iranian drone threat it has faced in the region after launching a military campaign against the Islamic Republic, CNN reported on Tuesday, citing sources.

The key obstacle was Congress, which did not support accelerating counter-drone purchases and innovations quickly enough, a US official said.

"Iran and other countries will be watching what happened and will be developing new tactics and new adaptations of drones … This dynamic of measure, counter-measure, counter-counter-measure will be seen here with drones, just as we saw with IEDs," the report said, citing a senior adviser with the Center for Strategic and International Studies, Mark Cancian.




However, some sources said the US was adequately prepared to counter drones, citing ongoing cooperation with Ukrainian and European partners in recent years, the broadcaster said. In addition, the US has also been monitoring the conflict in Ukraine.

On February 28, the United States and Israel launched strikes on targets in Iran, including in Tehran, causing damage and civilian casualties. Iran responded by striking Israeli territory and US military facilities in the Middle East.

The US and Israel initially claimed their "preemptive" attack was necessary to counter the perceived threat coming from Iran's nuclear program, but they soon made it clear that they want to see a change of power in Iran.

Iran's Supreme Leader Ayatollah Ali Khamenei was killed on the first day of the military operation. The Islamic Republic declared 40 days of mourning.

Russian President Vladimir Putin described Khamenei's assassination as a cynical violation of international law. The Russian Foreign Ministry condemned the US-Israeli operation and called for an immediate deescalation and an end to hostilities. **Sputnik**

# Indonesia discussing oil purchases with Russia - Energy Minister

JAKARTA March 17

Indonesia is discussing oil purchases with Russia, Indonesian Energy Minister BahlilLahadalia told Sputnik on Tuesday.

"At the moment, we are discussing this with our partners in Russia, we still need to study the proposal and the situation... We do not rule out working with any partner country," the minister said on the sidelines of the event in Jakarta.

On March 11, Kirill Dmitriev, the head of the Russian Direct Investment Fund (RDIF) and Russian special presidential envoy for economic cooperation with foreign countries, met with US officials in Miami for talks addressing the crisis in the global energy market. The following day, US Treasury Secretary Scott Bessent announced the lifting of all restrictions on approximately 100 million barrels of Russian oil currently in transit, following last week's waiver on India's purchases of Russian oil "already stranded at sea."

On February 28, the United States and Israel launched strikes on targets in Iran, including in Tehran, causing damage and civilian casualties. Iran responded by striking Israeli territory and US military facilities in the Middle East.

The escalation around Iran has led to the de facto halt of traffic in the Strait of Hormuz, a key route for deliveries of oil and liquefied natural gas from the Persian Gulf countries to the global market, affecting oil exports and production in the region.

**Sputnik**

# Death toll from Kenya flooding rises to 71

NAIROBI March 17

The number of people killed in recent flooding in Kenya has risen to 71, police confirmed on Tuesday.

Police said more than half of the deaths occurred in parts of Nairobi, the Kenyan capital, where poor drainage, blocked rivers, and weak enforcement of building regulations exacerbated the situation.

"The cumulative number of fatalities has now risen to 71, with five additional deaths recorded. Nairobi remains the hardest-hit region, with 36 victims," National Police Service Spokesperson Michael Muchiri Nyaga said in a statement issued in Nairobi.

Heavy rainfall has triggered flooding in several parts of the country, leading to road closures, property damage, displacement, and distress among affected communities.

With rains expected to continue across the country, Nyaga urged the public to exercise extreme caution and vigilance, and to strictly follow updates and safety advisories issued by the Kenya Meteorological Department and other relevant government agencies.

The warning comes as the Kenya Meteorological Department forecasts



continued rainfall across the country this week, with intensity expected to increase from Thursday as the long rains gradually build toward their April peak.

**Xinhua**

# 2 shot dead in bistro near Frankfurt Airport in Germany

BERLIN March 17

Two people were shot dead early Tuesday at a bistro in Raunheim near Frankfurt Airport in Germany, local police said.

An armed individual entered the venue at around 3:45 a.m. local time (0245 GMT) and opened fire on the victims, who died at the scene from their injuries, a police spokesperson said, citing initial findings.

The suspect fled after the shooting and remains at large. Police have launched a large-scale manhunt since early morning, deploying numerous officers and cordoning off the area.

The motive for the shooting remains unclear, and it is not known whether the suspect had any connection to the bistro, the police said, adding that the victims had not yet been identified.

Raunheim is a town southwest of Frankfurt with a population of around 17,000. According to local media, the bistro is located on the ground floor of a two-storey building. **Xinhua**

# 8 killed, 157 injured in UAE amid escalating regional tensions: defence ministry

ABU DHABI March 17

Eight nationals of the United Arab Emirates (UAE), Pakistan, Nepal, Bangladesh and Palestine have been killed, and 157 residents of multiple nationalities have suffered minor to severe injuries in the UAE amid the recent escalating regional tensions, the UAE's Defence Ministry said Tuesday.

Since the start of what the ministry described as Iranian attacks, the UAE's air defence systems have engaged a total of 314 ballistic missiles, 15 cruise missiles and 1,672 drones, the ministry said.

It said the air defence systems intercepted 10 ballistic missiles and 45 drones launched toward the country on Tuesday alone.

Earlier in the day, authorities in Abu Dhabi confirmed that one person was killed by shrapnel after a missile interception. The ministry said that it remains fully prepared to deal with any threats and will firmly confront any attempts to undermine the country's security. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# IEA: EVs Supported 500 percent Growth for Lithium-Ion Batteries



The lithium-ion battery sector has seen a sixfold expansion in global deployment since 2020, driving the market to a valuation of US$-150bn, the IEA says.

Yet beneath this figure lies a more nuanced picture of the technology that is rapidly transforming transport and energy systems worldwide.

The IEA's analysis found that the battery market's expansion is predominantly driven by surging EV demand, which represents more than 70 percent of deployment.

Today, that proportion has plummeted to under 5 percent.

**Declining costs**

Reduced costs accelerated lithium battery uptake, but also uncovered some challenging realities about the market's long-term viability.

During 2024, average battery prices decreased by 8 percent, driven down by manufacturing efficiency and intense competition among producers.

Grid storage system prices fell to one-third of their 2020 levels, rendering batteries equally competitive with gas peaker plants in certain markets.

However, these reductions have arrived with clear geographical implications.

The IEA found that Chinese battery packs were sold at approximately 30 percent below their American counterparts and 35 percent cheaper than European pricing.

Additionally, lithium iron phosphate (LFP) batteries experienced price drops exceeding 15 percent, while nickel-rich alternatives saw reductions below 5 percent.

Consequently, LFP batteries now cost 40 percent less than nickel-manganese-cobalt variants and dominate more than half the EV market, alongside more than 90 percent of grid storage worldwide.

While procurement teams may welcome this development, the IEA cautions that these reduced prices could prove unsustainable, with numerous producers operating at a loss.

**China's manufacturing dominance**

The EU and US made modest contributions to the balance, yet both import the majority of their battery components from China, indicating that dependency runs throughout the supply chain.

The IEA says that 70 percent of EVs manufactured outside China contain batteries or components obtained from Chinese suppliers, while more than 90 percent of battery storage systems globally rely on LFP cells manufactured in China.

Beijing's export restrictions on essential battery components, initially introduced in 2023, have started to highlight these vulnerabilities by targeting the most fragile elements in non-Chinese supply chains.

Korean manufacturers are rushing to establish LFP production capabilities as an alternative, yet they face formidable competition from established Chinese producers in an oversupplied marketplace.

**Higher production costs**

Production capacity in Europe and the US has been growing.

Both regions have attracted battery sector investments over the past three years, leveraging the expanding EV sector to ensure demand.

However, the IEA found that production expenses in the EU and US can exceed Chinese costs by as much as 50 percent.

Replicating the efficiency of Chinese manufacturing, where yields regularly surpass 90 percent, will demand years of sustained investment.

This is because emerging producers typically generate far more material waste than established operations, making profitability challenging until processes fully develop.

**EVmeg**

# Building a Unified EV Ecosystem Through Standardisation

The early EV landscape grew in fits and starts: energetic, fast-moving, but loosely coordinated. New charging sites appeared at an impressive rate, each built on slightly different assumptions about how vehicles and infrastructure should interact. It was enough to get the market moving, but the lack of alignment was always going to catch up.

That wait is now over. The shift towards a single-connector standard marks the end of that improvisational phase, and the focus is no longer on choice, but on convergence. This stage is slower to headline, perhaps, but essential.

**Converging the ecosystem**

The first wave of charging expansion rewarded scale rather than refinement. But a wide footprint did not guarantee a smooth experience. A driver could plug into three chargers in the same car park and get



three different outcomes. That was the cost of parallel growth with little coordination.

Standardisation changes the scorecard. When the behaviour of chargers converges, networks can be judged on performance rather than presence. It becomes much harder to hide inconsistency when everyone is expected to play by the same rules, and it's easier for operators to compare themselves honestly against the market.

**The importance of interoperability**

Charging only feels simple when it works. Behind a smooth charging session lies a rapid negotiation, voltage limits, handshake timing, safety permissions, cooling expectations and authentication protocols. Dozens of decisions happen in seconds and a misstep in any one of them can bring the whole exchange to a halt.

Continuous interoperability testing is the work of preventing those silent misfires. A standard may be stable on paper, yet stressed in practice by individual OEM interpretations or changes that arrive through updates rather than new hardware. Challenging interoperability based on standards creates alignment across the industry/marketspace.

**New standards require new skill sets**

A technician working today must switch between electrical troubleshooting, communication-stack behaviour, firmware context and physical wear assessment, and then leave behind a digital record that proves the job was done to standards.

This work now aligns more closely with metrology than with traditional field service. It requires judgment, a repeatable method and enough understanding to distinguish between mechanical failure and software conflict. Training must reflect that reality. It cannot be optional or assumed. If a charger is expected to operate for a decade, the workforce supporting it must evolve across that same span. Standardisation only delivers value when support is structured, not improvised.

**A future defined by reliability**

A mature charging ecosystem will feel uneventful from the driver's side of the cable. That is the mark of success. Public charging becomes as ordinary as a fuel stop and when it reaches that state, adoption accelerates on its own.

Standardisation is what enables that quiet outcome. It strips away ambiguity. It reduces the number of unknowns. It underpins predictable behaviour. The more consistently chargers speak the same electrical and logical language, the closer the market moves to that invisible maturity.

**EVmeg**

## ထာဝရဓာတုပစ္စည်းများနဲ့ထိတွေ့မိတဲ့ ကလေးများ အရိုးအားနည်းပြဿနာနဲ့ ကြုံတွေ့ရနိုင်



ကလေးဘဝအစောပိုင်းကာလတွေမှာ “Forever Chemicals” လို့ ခေါ်တဲ့ ထာဝရဓာတုပစ္စည်းတွေနဲ့ ထိတွေ့မှုရှိခြင်းဟာ အရွယ်ရောက်လာတဲ့အခါ အရိုးသန်မာမှုကို တိတ်တဆိတ် ထိခိုက်စေနိုင်တယ်လို့ သုတေသနအသစ်တစ်ခုက ဖော်ပြထားတာတွေ့ရပါတယ်။ လူတွေဖန်တီးထားတဲ့ အဲဒီဓာတုပစ္စည်းတွေကို ရေ၊ အစားအစာနဲ့ လူသုံးကုန်ပစ္စည်း တော်တော်များများမှာ တွေ့ရလေ့ရှိပြီး သူတို့ဟာ ပတ်ဝန်းကျင်နဲ့ လူ့ခန္ဓာကိုယ်ထဲမှာ အကြာကြီး စုပုံတည်ရှိနေတတ်တာပါ။

သုတေသနပညာရှင်တွေကတော့ အဲဒီဓာတုပစ္စည်းတွေကြောင့် ခန္ဓာကိုယ်ရဲ့ ပုံမှန်ဖွံ့ဖြိုးမှုဖြစ်စဉ်တွေနဲ့ အရိုးသန်မာမှုတွေမှာ အနှောင့်အယှက် ဖြစ်လာမှာကို စိုးရိမ်နေကြပါတယ်။ ပညာရှင် ဂျက်ဆီပီဘတ်ကလေကဆယ်ကျော်သက်အရွယ်ဟာ သန်မာတဲ့ အရိုးတွေတည်ဆောက်ဖို့ အကောင်းဆုံးအချိန်ဖြစ်ပြီး အဲဒီအချိန်မှာ အရိုးထုထည် ကောင်းကောင်းရမှသာ တစ်သက်လုံးမှာ အရိုးကျိုးတာနဲ့ အရိုးပွရောဂါဖြစ်တာတွေကို လျှော့ချနိုင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

အခုလေ့လာချက်အရ သွေးထဲမှာ အဲဒီဓာတုပစ္စည်းပါဝင်မှုမြင့်မားတဲ့ ဆယ်ကျော်သက်တွေမှာ လက်ဖျံရိုးရဲ့သိပ်သည်းဆ လျော့နည်းနေတာတွေ့ရပါတယ်။ ဒီအခြေအနေဟာ အမျိုးသားတွေထက် အမျိုးသမီးတွေမှာ ပိုပြီးတော့ သိသာထင်ရှားနေတာကိုတွေ့ရှိရတယ်လို့ ပညာရှင်များကဆိုပါတယ်။

**Ref: IE**

**ကိုထက်**

## အလွန်ပြုပြင်ထားတဲ့ အစားအစာများစားခြင်းက နှလုံးရောဂါဖြစ်နိုင်ခြေ ၆၇ ရာခိုင်နှုန်းမြင့်တက်စေ

အလွန်ပြုပြင်ထားတဲ့ အစားအစာတွေ စားတာဟာ နှလုံးရောဂါဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနဲ့ အသက်အန္တရာယ်ဖြစ်နိုင်ခြေကို သိသိသာသာမြင့်တက်စေနိုင်တယ်လို့ အမေရိကန် နှလုံးရောဂါကောလိပ်က ထုတ်ပြန်တဲ့ သုတေသနအသစ်တစ်ခုက သတိပေးလိုက်ပါတယ်။ တစ်ရက်ကို အာလူးကြော်၊ အသင့်စားအေးခဲစာ၊ ပြုပြင်ထားတဲ့ အသားနဲ့ အချိုရည်တွေလို အစားအစာမျိုးကို ကိုးကြိမ်ထက်ပိုပြီး စားသုံးသူတွေမှာ တစ်ကြိမ်သာစားသူတွေထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၆၇ ရာခိုင်နှုန်းအထိ မြင့်တက်လာတာတွေ့ရပါတယ်။

ဒီလေ့လာချက်အရ အဲဒီလိုအစားအစာတွေကို တစ်နေ့မှာ တစ်ကြိမ်ပိုစားမိတိုင်း နှလုံးရောဂါ သို့မဟုတ် လေဖြတ်နိုင်ခြေဟာ ၅ ရာခိုင်နှုန်းစီလောက် ပုံမှန်တက်သွားတာတွေ့ရပါတယ်။ ထူးခြားချက်တစ်ခုကတော့ ဒီလိုမျိုးဖြစ်နိုင်ခြေဟာ အာဖရိကနွယ်ဖွား အမေရိကန်လူမျိုးတွေမှာ အခြားလူမျိုးစုတွေထက် ပိုပြီးတော့တောင် မြင့်မားနေပါတယ်။

သုတေသနပညာရှင်တွေက ဆီးချို၊ သွေးတိုး၊ အဝလွန်စတဲ့ တခြားအကြောင်းရင်းတွေကို ထည့်တွက်ရင်တောင်မှ ဒီလိုပြုပြင်ထားတဲ့ အစားအစာတွေရဲ့ အန္တရာယ်က လျော့မသွားဘူးလို့ ဆိုပါတယ်။ ဒါကြောင့် နှလုံးကျန်းမာရေးအတွက် အာဟာရတန်ဖိုးနည်းပြီး အဆင့်ဆင့်ပြုပြင်ထားတဲ့ အစားအစာတွေကို လျှော့စားကြဖို့ ပညာရှင်တွေကတိုက်တွန်းထားပါတယ်။

**Ref: IE**

**ကိုထက်**



## ပြင်သစ်နိုင်ငံက မိုင် ၉၀ ကျော်အကွာရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်တဲ့ ကွန်တိန်နာပုံစံ ဒုံးပစ်စနစ်အသစ်ကို ထုတ်ဖော်ပြသ

ပြင်သစ်နိုင်ငံက ရေ့တန်းစစ်မျက်နှာပြင်ရဲ့အလှမ်းဝေးတဲ့နေရာမှာရှိတဲ့ ပစ်မှတ်တွေကိုတိုက်ခိုက်နိုင်ဖို့ FLP–T 150 လို့ခေါ်တဲ့ ဒုံးပစ်စနစ်အသစ်ကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီစနစ်ကို ArianeGroup နဲ့ Thales ကုမ္ပဏီတို့က ပူးပေါင်းထုတ်လုပ်တာဖြစ်ပြီး ကီလိုမီတာ ၁၅၀ ဒါမှမဟုတ် ၉၃ မိုင်အကွာအဝေးအထိ တိကျစွာပစ်ခတ်နိုင်စွမ်းရှိပါတယ်။




အခု ရှေ့ပြေးပုံစံဟာ အမေရိကန်ရဲ့ နည်းပညာကန့်သတ်ချက်တွေကနေ ကင်းလွတ်အောင် ပြည်တွင်းနည်းပညာနဲ့သာ တည်ဆောက်ထားတာဖြစ်ပြီး အမြင့်ပျံဒုံးကျည်တွေလိုမျိုး မြန်နှုန်းမြင့်တဲ့အပြင် တစ်မီတာဝန်းကျင်အထိ တိကျမှုရှိတယ်လို့ဆိုပါတယ်။


သူ့ကို ၁၆ ဘီးတပ်စစ်သုံးထရပ်ကားပေါ်မှာတင်ဆောင်နိုင်တဲ့ ကွန်တိန်နာပုံစံမော်ဂျူးစနစ်နဲ့ ဒီဇိုင်းထုတ်ထားတာကြောင့် လျင်မြန်စွာ ရွှေ့ပြောင်းနိုင်သလို ခံယမ်းပြန်ဖြည့်ဖို့လည်း လွယ်ကူပါတယ်။

ပြင်သစ် တပ်မတော်အနေနဲ့ လက်ရှိသုံးနေတဲ့ ဒုံးပစ်စင်အဟောင်းတွေကို အစားထိုးဖို့အတွက် ၂၀၃၀ ပြည့်နှစ်မှာ ဒီစနစ် ၁၃ ခုကို ဝယ်ယူဖို့ စီစဉ်ထားပြီး အစီအစဉ်တစ်ခုလုံးအတွက် ယူရို သန်း ၆၀၀ ခန့်ကုန်ကျမှာပါ။ FLP–T 150 ရဲ့ ပထမဆုံး စမ်းသပ်ပစ်ခတ်မှုတွေကိုတော့ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်းပြုလုပ်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

## စွန့်ပစ်ပစ္စည်းကနေ ကိုယ်တိုင်လှုပ်ရှားနိုင်တဲ့ စက်ရုပ်ငယ်တွေ ထုတ်လုပ်နိုင်မယ့် ကမ္ဘာ့ပထမဆုံး 4D ပုံနှိပ်နည်းပညာ



တောင်ကိုရီးယားမှ သုတေသနအဖွဲ့တစ်ခုဟာ စက်မှုလုပ်ငန်းသုံး ဆာလဖာစွန့်ပစ်ပစ္စည်းတွေကို အသုံးပြုပြီး အပူ၊ အလင်းနဲ့ သံလိုက်စက်ကွင်းတွေအပေါ် တုံ့ပြန်ကာ ကိုယ်တိုင်လှုပ်ရှားနိုင်တဲ့ နူးညံ့သောစက်ရုပ်ငယ်လေးတွေကို ထုတ်လုပ်နိုင်မယ့် ကမ္ဘာ့ပထမဆုံး 4D ပုံနှိပ်စနစ်ကို တီထွင်လိုက်ပါတယ်။ ရေနံချက်လုပ်ငန်းတွေကနေ ဘေးထွက်ပစ္စည်းအဖြစ် ထွက်လာတဲ့ ဆာလဖာတွေကို အဆင့်မြင့်ပေါ်လီမာတွေအဖြစ် ပြောင်းလဲပြီး အသုံးချလိုက်တာပါ။


4D ပုံနှိပ်စနစ်ဆိုတာ ပုံနှိပ်ပြီးသားအရာဝတ္ထုတွေကို ပြင်ပလှုံ့ဆော်မှုတွေပေးရင် ပုံသဏ္ဌာန်ပြောင်းလဲသွားအောင် လုပ်နိုင်တဲ့ ရှေ့ပြေးပုံစံ နည်းပညာတစ်ခုဖြစ်ပါတယ်။ သုတေသနအဖွဲ့ဟာ ဒီပစ္စည်းထဲကိုသံလိုက်မှုန်လေးတွေထည့်သွင်းပြီး လက်မဝက်ခန့်သာရှိတဲ့ စက်ရုပ်ငယ်တွေကို ဖန်တီးရာမှာ အဲဒီစက်ရုပ်တွေဟာ ပြင်ပမော်တာတွေမလိုဘဲ သံလိုက်စက်ကွင်းနောက်ကို လွတ်လပ်စွာ လိုက်ပါလှုပ်ရှားနိုင်တာတွေ့ရပါတယ်။ ထူးခြားချက်ကတော့ ဒီစက်ရုပ်တွေကိုသုံးပြီးသွားရင်လည်း အရည်အသွေးမပျက် အရည်ဖျော်ပြီး အသစ်ပြန်လုပ်လို့ရတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

## လျှပ်စစ်လှိုင်းတုန်ခါမှုဖြင့် ရေမှ ဆားနှင့်သတ္တုများကို ဖယ်ရှားနိုင်တဲ့ အိုင်းယွန်းပန့်အသစ်ကို သိပ္ပံပညာရှင်များ တီထွင်

အမေရိကန်နိုင်ငံရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်နဲ့ အစ္စရေးနိုင်ငံရှိ တဲအဗစ်တက္ကသိုလ်တို့မှ သုတေသီများဟာ စက်ပစ္စည်းအစိတ်အပိုင်းတွေ၊ လောင်စာတွေနဲ့ ဓာတုဗေဒဓာတ်ပြုမှုတွေ လုံးဝမလိုအပ်ဘဲ လျှပ်စစ်လှိုင်းတုန်ခါမှုသက်သက်နဲ့ ရေထဲက ဆားနဲ့သတ္တုတွေကို ဖယ်ရှားပေးနိုင်တဲ့ အိုင်းယွန်းပန့်အသစ်တစ်ခုကို တီထွင်လိုက်ပါတယ်။ ဒီနည်းပညာဟာ လျှပ်စစ်ဓာတ်အားနည်းနည်းကိုသာ အသုံးပြုကာ သတ္တုလွှာပါးလေးတွေကြားထဲမှာ အိုင်းယွန်းတွေကို လျင်မြန်စွာရွေ့လျားစေတာဖြစ်ပြီး ရေထဲမှာရှိတဲ့ ဆားဓာတ် ၅၀ ရာခိုင်နှုန်းကို ဖယ်ရှားပေးနိုင်တယ်လို့ စမ်းသပ်တွေ့ရှိခဲ့တာပါ။




အခုလက်ရှိသုံးနေကြတဲ့ ရေစန်သန့်စင်စနစ်တွေဟာ စွမ်းအင်များစွာသုံးရသလို ရှုပ်ထွေးတဲ့ ဓာတုဖြစ်စဉ်တွေလည်း လိုအပ်ပေမယ့် ဒီနည်းပညာသစ်ကတော့ ရိုးရှင်းတဲ့ လျှပ်စစ်လှိုင်းကိုပဲသုံးတဲ့အတွက် ဘက်ထရီတွေကို ပြန်လည်အသုံးပြုတာနဲ့ ပင်လယ်ရေထဲကနေ လီသီယံကိုထုတ်ယူတာမျိုးတွေမှာပါ အသုံးချနိုင်မှာပါ။ အထူးသဖြင့် ခဲလိုမျိုး အဆိပ်သင့်စေတဲ့ သတ္တုတွေကို အလွန်နည်းပါးတဲ့ ပမာဏအထိ တိကျစွာ ဖယ်ရှားပေးနိုင်ပြီး လူတွေအတွက် လိုအပ်တဲ့ သတ္တုဓာတ်တွေကိုတော့ ချန်ထားပေးနိုင်တဲ့ စွမ်းရည်ရှိပါတယ်။

**Ref: IE**

**ကိုထက်**

## အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

• အီရန်နှင့်စစ်ပွဲအဆုံးသတ်ရေးအတွက် အမေရိကန်တာဝန်ရှိသူများက သမ္မတ ဒေါ်နယ်ထရမ့်ထံသို့ နည်းလမ်းများစွာကိုတင်ပြထားကြောင်း သတင်းအရင်းအမြစ်များ၏ပြောဆိုချက်ကို ကိုးကား၍ NBC သတင်းဌာနက ဖော်ပြထားသည်။ အီရန်နှင့်ပဋိပက္ခအဆုံးသတ်ရေးကိုသာ အားပေးထောက်ခံသည့် ထရမ့်၏အကြံပေးအချို့က လက်ရှိဖြစ်ပွားနေသော ပဋိပက္ခကြောင့် ကမ္ဘာ့စီးပွားရေးမတည်မငြိမ်ဖြစ်လာနိုင်ခြေနှင့် ပတ်သက်၍ စိုးရိမ်လျက်ရှိကြောင်း၊ စစ်ပွဲကြာမြင့်ချိန်သည် နေ့စဉ်နှင့်အမျှပြောင်းလဲသွားနိုင်ခြေရှိကြောင်း သတင်းအရင်းအမြစ်များကပြောထားသည်။

• အစ္စရေးနိုင်ငံသည် အီရန်နိုင်ငံအပေါ် မည်သည့်အခါမျှ နျူကလီးယားလက်နက်ကိုအသုံးပြုလာမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။ အမေရိကန်နှင့်အစ္စရေးတို့ပူးပေါင်းတိုက်ခိုက်လျက်ရှိသည့် အီရန်စစ်ပွဲသာ ယခုထက်ပိုမိုပြင်းထန်လာပါက အစ္စရေးနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ကိုအသုံးပြုလာနိုင်ခြေရှိ၊ မရှိနှင့်ပတ်သက်၍ သတင်းထောက်များ၏မေးမြန်းမှုကို ထရမ့်က ယခုကဲ့သို့ပြန်ဖြေထားခြင်းဖြစ်သည်။

• အစ္စရေးနိုင်ငံအနေဖြင့် လက်ဘနွန်နိုင်ငံအပေါ်လုပ်ဆောင်နေသည့် မြေပြင်ကျူးကျော်တိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများအပါအဝင် တိုက်ခိုက်မှုများအားလုံးကို ချက်ချင်းနှင့်အပြည့်အဝရပ်တန့်ရန် အီဂျစ်နိုင်ငံက အစ္စရေးနိုင်ငံကိုတိုက်တွန်းလိုက်ကြောင်း သိရသည်။ လက်ဘနွန်တောင်ပိုင်းသို့ အစ္စရေးက ကျူးကျော်ဝင်ရောက်ခြင်းသည် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်တို့ကိုပါ ချိုးဖောက်ရာရောက်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

• အမေရိကန်နှင့်အစ္စရေးတို့ပူးပေါင်းပြီး အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများလုပ်ဆောင်နေသော်လည်း အီရန်နိုင်ငံ၏ ရေနံထုတ်လုပ်တင်ပို့မှုလုပ်ငန်းများမှာ ယခင်အတိုင်း အရှိန်အဟုန်မပြတ်ဆက်လက်လည်ပတ်နေဆဲဖြစ်ကြောင်း အီရန်လွှတ်တော်စွမ်းအင်ကော်မရှင်မှပြောရေးဆိုခွင့်ရှိသူ အစ္စမေးဟော့စိန်နီကပြောသည်။ ထို့ပြင် ရန်သူများအနေဖြင့် ခါးကျွန်းကို မျက်ခြည်မပြတ်စောင့်ကြည့်မှုများလုပ်ဆောင်နေမည်ဆိုပါက ဟော်မုဇ်ရေလက်ကြား၌ဖြစ်ပေါ်နေသည့် အခြေအနေထက်ပို၍ အရှက်ရဖွယ်ရှိနေသည်ကို သိရှိထားသင့်ကြောင်း ၎င်းကဆက်ပြောသည်။ **Ref: Xinhua, Sputnik**

## အာဖဂန်နစ္စတန်ရှိဆေးရုံကို ပါကစ္စတန်လေတပ်ကတိုက်ခိုက်မှု သေဆုံးသူအယောက် ၄၀၀ အထိရှိဟုဆို



**ကဘူး၊ စစ်ရေး**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိဆေးရုံတစ်ရုံကို ပါကစ္စတန်လေတပ်က တိုက်ခိုက်ရာ လူ ၄၀၀ ထက်မနည်း သေဆုံးကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက မတ်လ ၁၇ ရက်တွင်ပြောသည်။ ပါကစ္စတန်လေတပ်သည် မတ်လ ၁၆ ရက် ည ၉ နာရီဝန်းကျင်တွင် ကဘူးမြို့ရှိ အိုမစ်မူးယစ်ဆေးဖြတ်ကုသရေးဆေးရုံကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူ ၂၅၀ ခန့် ရှိကြောင်း အာဖဂန်အစိုးရ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဟမ်ဒူလာဖီထရတ်က လူမှုကွန်ရက်မှတစ်ဆင့် ထုတ်ပြန်သည်။

ပါကစ္စတန်၏တိုက်ခိုက်မှုကြောင့် အဆိုပါခုတင် ၂၀၀၀ ဆံ့ဆေးရုံမှာ အကြီးအကျယ်ပျက်စီးသွားပြီး သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း ၎င်းက သတိပေးထားသည်၊ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံတွင် မီးလောင်ကျွမ်းမှုများဖြစ်ပွားသဖြင့် ကယ်ဆယ်ရေးအဖွဲ့များက မီးငြိမ်းသတ်ခြင်းနှင့် ရုပ်အလောင်းများရှာဖွေခြင်းတို့ကို ဆောင်ရွက်နေသည်။

သို့သော် ပါကစ္စတန်အစိုးရက အာဖဂန်အစိုးရ၏ပြောဆိုချက်ကို ငြင်းဆိုထားပြီး နည်းပညာပစ္စည်း သိုလှောင်ရုံနှင့် လက်နက်တိုက်များကဲ့သို့ စစ်ဘက်ဆိုင်ရာ အဆောက်အအုံနှင့် အကြမ်းဖက်သမားများ၏ အခြေခံအဆောက်အဦများကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ပြီးခဲ့သည့်လကုန်ပိုင်းမှစ၍ နှစ်နိုင်ငံနယ်စပ်တွင် တိုက်ပွဲများဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့အကြား တင်းမာမှုများမြင့်တက်နေခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

## အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် စက်သုံးဆီဈေးနှုန်းများ ထပ်မံမြင့်တက်

**ဖနွမ်းပင်၊ စက်သုံးဆီ**

အရှေ့အလယ်ပိုင်းပဋိပက္ခများ ပိုမိုပြင်းထန်လာခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့်သုံးရက်အတွက်စက်သုံးဆီလက်လီဈေးနှုန်းများ ထပ်မံမြင့်တက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတ်လ ၁၇ ရက် အစောပိုင်းတွင် ထုတ်ပြန်ထားသည်။

မတ်လ ၁၇ ရက်မှ ၁၉ ရက်အထိ ပုံမှန်ဓာတ်ဆီတစ်လီတာလျှင် ရီယယ် ၅၅၀၀ ကျသင့်မည်ဖြစ်ပြီး ပြီးခဲ့သည့်သုံးရက်ကထက် ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ဒီဇယ်ဈေးနှုန်းမှာလည်း တစ်လီတာလျှင် ရီယယ် ၆၅၅၀ အထိ ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အစ္စရေးတို့ပူးပေါင်းပြီး အီရန်အပေါ် တိုက်ခိုက်မှုစတင်ချိန်မှစ၍ ကမ္ဘောဒီးယားနိုင်ငံ၌ ဓာတ်ဆီဈေးနှုန်း ၄၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဒီဇယ်ဈေးနှုန်း ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်းသိရသည်။ **Ref: Xinhua**

## တရုတ်က အီရန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်မည်



**ပေကျင်း၊ အကူအညီပေးရေး**

တရုတ်နိုင်ငံက အမေရိကန်နှင့် အစ္စရေးတို့၏တိုက်ခိုက်ခြင်းခံထားရသော အီရန်နှင့် လက်ဘနွန်အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း မတ်လ ၁၇ ရက်တွင်ပြောသည်၊ အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် အီရန်နှင့် အခြားအရှေ့အလယ်ပိုင်းနိုင်ငံများတွင် ပြင်းထန်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခများကြုံတွေ့နေရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လင်းကျန့်က သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အီရန်၊ ဂျော်ဒန်၊ လက်ဘနွန်နှင့် အီရတ်နိုင်ငံတို့သို့ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးရန် ဆုံးဖြတ်ခြင်းဖြစ်သည်ဟု လင်းကျန့်က ဆက်ပြောသည်။ အလားတူ တရုတ်နိုင်ငံက အီရန်၏ မဟာမိတ်ဖြစ်ပြီး တိုက်ခိုက်မှုများရပ်တန့်ရန် အမေရိကန်နှင့် အစ္စရေးကိုတိုက်တွန်းထားသကဲ့သို့ အမေရိကန်စစ်စခန်းများရှိရာ ပင်လယ်ကွေ့နိုင်ငံများအပေါ် အီရန်၏ တိုက်ခိုက်မှုများကိုလည်း ဝေဖန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စစ်ပွဲကြောင့် တရုတ်နိုင်ငံခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ပြီးနောက် တရုတ်အစိုးရ၏ ယခုအစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် စစ်ပွဲရပ်တန့်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟုလင်းကျန့်ကပြောသည်။ **Ref: Xinhua**

## နိုင်ဂျီးရီးယားနိုင်ငံ၌ ပေါက်ကွဲမှုများဖြစ်ပွား လူ ၂၃ ဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရ

**အဘူဂျာ၊ ပေါက်ကွဲမှု**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့၌ မတ်လ ၁၆ ရက်ညပိုင်းတွင် ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားရာ အနည်းဆုံး လူ ၂၃ ဦး သေဆုံးပြီး ၁၀၈ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက မတ်လ ၁၇ ရက်တွင် အတည်ပြုပြောသည်။

အသေခံဗုံးခွဲတိုက်ခိုက်သူများဟု ယူဆရသူများသည် မိုင်ဒူဂူရီတနင်္လာဈေး၊ မိုင်ဒူဂူရီတက္ကသိုလ်သင်ကြားရေးဆေးရုံဂိတ်နှင့် စာတိုက်ခုံးကျော်တံတား ဧရိယာတို့တွင် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများအသုံးပြု၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဘော်နိုပြည်နယ် ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ကနဦးစုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး နယ်မြေလုံခြုံရေးနှင့် ထပ်မံဖြစ်ပွားနိုင်သည့် ခြိမ်းခြောက်မှုများကိုတားဆီးရန် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ကို အမြန်ဆုံးစေလွှတ်ခဲ့သည်။

လက်ရှိတွင် နယ်မြေအတွင်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သော်လည်း တာဝန်ရှိသူများက လုံခြုံရေးကို မြှင့်တင်ထားသည်၊ အဆိုပါတိုက်ခိုက်မှုများကိုမည်သည့်အဖွဲ့က လုပ်ဆောင်သည်နှင့် ပတ်သက်၍ မည်သို့သောထုတ်ပြန်ချက်မျှ ထွက်ပေါ်လာခြင်းမရှိသေးကြောင်း သိရသည်။ **Ref: Xinhua**



## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာန

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

### အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။



### အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

### သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

### အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။




### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

### အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေး (အပိုင်း-၂)

ဒေါက်တာသုတခင်


**စက်မှုလုပ်ငန်းများနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသာယာဝပြောရေးနှင့် စက်မှုကဏ္ဍကိုဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကပါဝင်ဆောင်ရွက်နေသည့် စက်မှုဝန်ကြီးဌာန အနေဖြင့် “ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေနှင့်နည်းဥပဒေများ” ထုတ်ပြန်ခဲ့ပြီး လိုအပ်သည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေး အဖွဲ့၊ နေပြည်တော်ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့ကိုဖွဲ့စည်းပြီး ကန့်သတ်ဓာတုပစ္စည်း ၈၀ မျိုး၊ တားမြစ်ဓာတုပစ္စည်း ၁၃၈ မျိုးနှင့် အမိန့်၊ ညွှန်ကြားချက်များကို လိုအပ်သလို ထုတ်ပြန်၍ ထိန်းချုပ်ကွပ်ကဲလျက်ရှိသည်။ ထို့ပြင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလိုင်စင်ပြုလုပ်ပေးခြင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းခြင်းနှင့်ပြည်ပသို့တင်ပို့ခြင်းအတွက်ထောက်ခံချက်များ စိစစ်ထုတ်ပေးခြင်းတို့ဖြင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သက်ရှိများ၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကာကွယ်နိုင်ရန်အတွက် “ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းဆိုင်ရာအမိန့်” အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ စွန့်ပစ်ခြင်းလုပ်ငန်းလိုင်စင်နှင့်စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်တို့ကို ထုတ်ပေးခြင်းဖြင့် စိစစ်ထိန်းချုပ်ကွပ်ကဲလျက်ရှိသည်။

**စက်မှုလုပ်ငန်းများနှင့်ညစ်ညမ်းမှုထိန်းချုပ်ရေး**

နိုင်ငံဖွံ့ဖြိုးတိုးတက်သာယာစေရေးအတွက်အဓိကကျသည့်စက်မှုလုပ်ငန်းများတွင် ကောင်းကျိုးနှင့် ဆိုးကျိုးပေးနေသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို မဖြစ်မနေထည့်သွင်းအသုံးပြုနေရပြီး ယင်းတို့မှထွက်ရှိလာသည့်စွန့်ပစ်ပစ္စည်းများသည် သက်ရှိများနှင့်သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့်အများ ထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့်လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းသုံးစွဲသူများအနေဖြင့် စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းကို လုပ်ထုံးလုပ်နည်းများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ ပြဋ္ဌာန်းထားသောရေပေးရေးနှင့် အညစ်အကြေးသန့်ရှင်းရေးဆိုင်ရာနည်းဥပဒေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့်ရေဆိုးရေညစ်များကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တူးမြောင်း၊ ရေတွင်းနှင့် ရေကန်များသို့ တိုက်ရိုက်စွန့်ပစ်မှုမပြုစေခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမရှိစေရေးနှင့် အိုဇုန်းလွှာပျက်စီးခြင်းမှကာကွယ်ရန်နည်းလမ်းများကိုဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သည့်ပမာဏအားလျှော့ချခြင်း၊ ထပ်မံအသုံးပြုခြင်းနှင့် စွမ်းအင်အဖြစ်ပြန်လည်အသုံးပြုခြင်းတို့ကို ဆောင်ရွက်စေခြင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းရေးအတွက် စွန့်ပစ်ပစ္စည်းသန့်စင်သည့် စနစ်များကိုပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ လိုအပ်ပါကအထူးစစ်ဆေးခြင်းတို့ကို ခံယူခြင်းနှင့် မှတ်တမ်းထိန်းသိမ်းထားရှိစေခြင်း၊ လုပ်ငန်းရှင်သည် စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာခြင်းမရှိသည့်အတွက် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ပွားမှုများကို တာဝန်ယူစေခြင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ လုပ်ငန်းလုပ်ကိုင်သူများသည် မီးလောင်ပေါက်ကွဲခြင်း၊ ပတ်ဝန်းကျင်သို့မလိုလားသည့် အနေအထားဖြင့်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်




ရေဆိုးသန့်စင်စွန့်ပစ်စနစ်ပြည့်စုံသော အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)

လာပါက အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သလို ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်ရမည်။

လုပ်ငန်းခွင်တွင် မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန်နှင့် လျော့ပါးစေရန်အတွက် အလုပ်လုပ်ကိုင်နေသူများအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ကာကွယ်ရေးတို့အတွက် ထိရောက်သောထိန်းချုပ်မှုပြု၍ လူဦးရေအနည်းဆုံးဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် မဖြစ်မနေထိတွေ့ဆောင်ရွက်ရန်လိုအပ်သည့်အချိန်နှင့် ထိတွေ့ရမည့်အန္တရာယ်ရှိပစ္စည်းများ၏ အနည်းဆုံးပမာဏဖြစ်စေရန် ကန့်သတ်ဆောင်ရွက်စေခြင်း စသည်ဖြင့်လိုက်နာဆောင်ရွက်စေလျက်ရှိသည်။

ထို့ပြင် ဤဥပဒေအရ ညစ်ညမ်းသည့်စွန့်ပစ်ရည်များကို စနစ်တကျစွန့်ထုတ်နိုင်ရန်အတွက် “အရက်၊ ဘီယာနှင့် ဝိုင်ထုတ်လုပ်သည့် စက်ရုံများလိုက်နာဆောင်ရွက်ရန်ညွှန်ကြားချက်”၊ “အမိုးနီးယားဓာတ်ငွေ့အသုံးပြုသော ရေခဲစက်ရုံများနှင့်အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန်”၊ “ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင်အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုက်နှင့် ပြဒါးဓာတုပစ္စည်းများပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာမူဝါဒ”၊ “ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုက်နှင့် ပြဒါးဓာတုပစ္စည်းများအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များ” အား ထုတ်ပြန်သတိပေးနိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ပြုလုပ်ထားသည့် စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေဆိုး၊ အမှုန်အမွှားနှင့် မြေဆီလွှာပျက်စီးမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည့် နည်းပညာအကူအညီနှင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များထုတ်ပေးလျက်ရှိပြီး အရက်ချက်စက်ရုံနှင့် ဘီယာစက်ရုံများ၌ စွန့်ပစ်ရည်အရည်အသွေးအား အချိန်နှင့်တစ်ပြေးညီတိုင်းတာစောင့်ကြပ်ကြည့်ရှုသည့်စနစ် (Real Time Online Wastewater Monitoring System) တပ်ဆင်စေ၍ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ထောက်ခံချက်၊ လိုင်စင်နှင့် မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်း ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် အသိပညာပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**စက်ရုံစီမံကိန်းအသစ်များ အကောင်အထည်ဖော်သည့်အခါ ရေနှင့်လေထုကိုညစ်ညမ်းခြင်းမရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းစဉ်များဖြစ်စေရန် အလေးဂရုပြုဆောင်ရွက်သင့် . . .**

**စက်ရုံများမှစွန့်ထုတ်သော အစိုင်အခဲစွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ (Waste Water) ကိုလည်း သတ်မှတ်စံနှုန်းများရအောင် သေချာစွာသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေခြင်းဖြင့် မြေအောက်ရေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်စသည့် ရေအရင်းအမြစ်များမပျက်စီးစေရန် ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်းထိန်းသိမ်းပြီးဖြစ်ကြောင်းနှင့် သာယာလှပသော နိုင်ငံတော်ကိုရရှိစေမည်ဖြစ် . . .**

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုရေး**

စက်မှုဝန်ကြီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် စွမ်းအင်ခြိုးခြံချွေတာသုံးစွဲနိုင်ရေးအတွက် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ် (National Energy Efficiency and Conservation Policy, Strategy and Roadmap) ကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့သည်။ အဆိုပါမူဝါဒတွင် ၂၀၁၂ ခုနှစ်၏ စွမ်းအင်သုံးစွဲမှုကိုအခြေခံ၍ ၂၀၃၀ ပြည့်နှစ်တွင် စွမ်းအင်သုံးစွဲမှု ၂၀ ရာခိုင်နှုန်းလျှော့ချရန်ဟူသော ရည်မှန်းချက်များကိုချမှတ်ခဲ့ပြီး စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ကိုအကျိုးရှိထိရောက်စွာသုံးစွဲခြင်းဖြင့် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံ၏ စက်ရုံ၊ အလုပ်ရုံများတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များသက်သာနိုင်စေရန်၊ ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာစေရန်နှင့် စွမ်းအင်သုံးစွဲရာမှထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုကို လျှော့ချနိုင်စေရန်နှင့် အဆောက်အအုံကဏ္ဍ၌ ဟိုတယ်များ၊ Super Market နှင့် Shopping Mall များ၊ ဆေးရုံများစသည့် စီးပွားရေးအဆောက်အအုံများ (Commercial Building) တွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်စေရေးနှင့် ကုန်ကျစရိတ်သက်သာစေရန်ရည်ရွယ်၍ စက်မှုဆိုင်ရာနှင့် အဆောက်အအုံဆိုင်ရာကဏ္ဍကြီး (၂)ရပ်တွင် စွမ်းအင်သုံးစွဲမှုစစ်ဆေးပေးခြင်း၊ Energy Audit ပြုလုပ်ခြင်း၊ စွမ်းအင်သုံးစွဲမှုများသောစက်ရုံများ၊ စီးပွားရေးအဆောက်အအုံများအတွက် Energy Manager များခန့်ထားနိုင်ရန် မွေးထုတ်ပေးခြင်း၊ Energy Efficiency and Conservation Technology များ လက်ဆင့်ကမ်းပို့ချပေးခြင်း၊ စွမ်းအင်သုံးစွဲမှုများသောစက်ရုံများ၊ စီးပွားရေးအဆောက်အအုံများအား ဥပဒေမူဘောင်များဖြင့်ထိန်းကျောင်းနိုင်ရေးနှင့် တစ်ဖက်မှနိုင်ငံတော်၏အားပေးထောက်ပံ့မှုများရရှိနိုင်ရေးဆောင်ရွက်ပေးသွားရန်၊ လက်တွေ့အသုံးချနိုင်မည့် စွမ်းအင်သုံးစွဲမှုဆိုင်ရာလမ်းညွှန်ချက်များထုတ်ပြန်သွားရန်၊ Energy Service Companies (ESCOs) များပေါ်ပေါက်လာရေး လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် Energy Efficiency လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် Initial Investment များရရှိနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Loan Program များ ထောက်ပံ့နိုင်ရေးအတွက် လိုအပ်သော Financing Mechanism များ သတ်မှတ်ရေးဆွဲရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၂၆ သို့** ■

■ စာမျက်နှာ ၂၅ မှအဆက်

**မရှိမဖြစ်ရေနှင့်ရေထုညစ်ညမ်းမှုထိန်းချုပ်ရေး**

သက်ရှိများအသက်ရှင်ရပ်တည်နိုင်ရန် မရှိမဖြစ်လိုအပ်သောအရာသည် ရေပင်ဖြစ်ပြီး နေ့စဉ်အသုံးပြုရန် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ဆက်သွယ်သွားလာရေးနှင့် စက်မှုလုပ်ငန်းများတွင် နည်းအမျိုးမျိုးဖြင့်အသုံးပြုကြရသည်။ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အရေးကြီးလိုအပ်ချက်ဖြစ်သောကြောင့် စက်မှုလုပ်ငန်းများအတွက် ကုန်ပစ္စည်းထုတ်လုပ်ရာတွင်အသုံးပြုရန် စက်မှုလုပ်ငန်းသုံးရေ (Industrial Used Water)ကို သဘာဝသယံဇာတအရင်းအမြစ်တစ်ခုဖြစ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် မြေအောက်ရေတို့မှ မဖြစ်မနေထုတ်ယူသုံးစွဲနေရသည်။ ရေအရင်းအမြစ်များမှ ကုန်ပစ္စည်းထုတ်လုပ်ရန်အတွက် လိုအပ်သောရေပမာဏကိုသာထုတ်ယူ၍ အကျိုးရှိရှိသုံးစွဲပြီး စနစ်တကျပြန်လည်စွန့်ထုတ်ရန်လည်းလိုအပ်သည်။ မြန်မာနိုင်ငံတွင်းရှိ အဓိကကျသော မြစ်၊ ချောင်း၊ အင်း၊ အိုင်များသည် အဆိုပါစက်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ ရေကြောင်းပြုပြင်ထိန်းသိမ်းရေးမှာလည်း အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ စပါးခွံဘွိုင်လာအသုံးပြုရသည့်စက်ရုံအများအပြား ကုန်ထုတ်လုပ်နိုင်မှုမရှိလျှင်လည်း ဆန်စက်များမှထွက်သည့် စပါးခွံများရောင်းချရခြင်းမရှိသောကြောင့် တောင်လိုပုံလာပြီး မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ မြစ်၊ ချောင်းများသို့ စွန့်ပစ်ခြင်းတို့ကြောင့် ရေပျက်စီးခြင်း၊ မြစ်၊ ချောင်းများကောလာခြင်း၊ မြစ်၊ ချောင်းတိမ်ကောမှုကြောင့် ရေကြီးရေလျှံဖြစ်ခြင်းတို့အပြင် ကုန်ကြမ်းမှကုန်ချော Supply Chain တစ်လျှောက်ရှိမိသားစုများ၏စားဝတ်နေရေးကို ထိခိုက်စေနိုင်ခြင်း၊ နိုင်ငံတော်အခွန်ဝင်ငွေရရှိမှုလျော့ကျနိုင်ခြင်း အစရှိသည့် ဆိုးကျိုးများရရှိနိုင်စေသည်။

အဆိုပါ စက်မှုလုပ်ငန်းများမှ သဘာဝရေထဲတွင် ပျော်ဝင်နေသောအောက်ဆီဂျင် (Dissolved Oxygen)ကို ထိခိုက်လျော့နည်းစေမည့် ဓာတုပျော်ဝင်ပစ္စည်းများနှင့် မပျော်ဝင်ပစ္စည်းများကို မစွန့်ထုတ်စေရန်လည်း အလွန်အရေးကြီးသည်။ ထို့ကြောင့် ရေထုညစ်ညမ်းမှုသည် သဘာဝတရားကြောင့် အဖြစ်နည်းပြီး လူ့ပယောဂကြောင့်သာ ညစ်ညမ်းမှုပိုမိုများပြားကြောင်းတွေ့ရှိရသည်။ ရေထဲတွင် ရေမဟုတ်သော အခြားအရာများသည်အတိုင်းအတာတစ်ခုထက်ပိုမိုပါဝင်လာပြီး သောက်သုံးရန်နှင့် စွန့်ပစ်ရန်သင့်လျော်မှုမရှိလျှင် ရေထုညစ်ညမ်းခြင်း (Water Pollution) ဖြစ်သည်ဟု သတ်မှတ်သည်။ ရေထဲတွင်ပျော်ဝင်နေသည့် စွန့်ထုတ်ဓာတုပစ္စည်းများကြောင့် စွန့်ပစ်ရေတွင် အက်စစ်ဓာတ်(Acid) အချဉ်ဓာတ်နှင့် အယ်ကာလီဓာတ်(Alkali) အငန်ဓာတ်လွန်ကဲခြင်းကိုဖြစ်စေသည်။ ထို့ပြင် ရေ၏အပူချိန်သည် ပါဝင်ခွင့်ပြုနိုင်သော အပူချိန်ထက်မြင့်မားနေခြင်းနှင့် အဆိပ်အတောက်ဖြစ်စေမည့် ဆိုင်ယာနိုက် (CN)၊ အာဆင်းနစ် (As)၊ ပြဒါး (Hg)၊ ကဒ်မီယမ် (Cd)၊ ခဲ(Pb)၊ ခရိုမီယမ်(Cr) စသည့်ဓာတုပစ္စည်းများကို ရေထဲသို့တိုက်ရိုက်မစွန့်ထုတ်ရန် အလွန်အရေးကြီးသည်။ ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးအန္တရာယ်ကိုဖြစ်စေမည့် ဤအဆိပ်အတောက်များပါဝင်မှုမရှိစေရေးနှင့် ပါဝင်မှုကို အန္တရာယ်ကင်းစွာ စွန့်ထုတ်နိုင်သော နည်းစဉ်သစ်များနှင့် စက်များကိုရွေးချယ်အသုံးပြုရန်လိုအပ်သည်။

သင့်လျော်သော စွန့်ပစ်ရေသန့်စင်မှုနည်းစနစ်များ (Waste Water Treatment System)ကို အသုံးပြုပြီး စွန့်ပစ်ကွန်ကရစ်ကန်များမှထုတ်လွှတ်ခြင်း၊ မြေသားကန်များတွင်စိမ့်ဝင်စေခြင်း၊ အငွေ့ပြန်ခန်းခြောက်စေခြင်း ဓာတ်တိုးရေမြောင်းများဖြင့် အဆင့်ဆင့်စစ်ထုတ်ကိရိယာနည်းစဉ်များ အသုံးပြုစွန့်ထုတ်နည်းများဖြင့် ယခင်မြန်မာ့စက်မှုလုပ်ငန်းများနှင့် ယခုပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် စွန့်ပစ်ရေ အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းအတိုင်းရရှိအောင် သန့်စင်ပြီးနောက် ဇေဒါကန်များဖြင့် အဆင့်ဆင့်စစ်ထုတ်ပြီးမှသာ နီးစပ်ရာ ကန်၊ ချောင်း၊ အင်း၊ အိုင်များသို့ စွန့်ထုတ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ရေကိုစနစ်တကျနှင့် လိုအပ်သောပမာဏခန့်သာထုတ်ယူ၍ အကျိုးရှိရှိသုံးစွဲရန်နှင့် ပြန်လည်စွန့်ထုတ်သည့်အခါ၌လည်း စနစ်တကျဖြစ်စေရန် စက်ရုံစတင်တည်ဆောက်ရန် အစီအစဉ်ရေးဆွဲစဉ်ကပင်ပါဝင်၍ တိုင်းတာတွက်ချက်တည်ဆောက်ထားရန်လိုအပ်သည်။

**စီမံကိန်းအသစ်များနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှုထည့်သွင်းဆောင်ရွက်ရေး**

စက်ရုံစီမံကိန်းအသစ်များ အကောင်အထည်ဖော်သည့်အခါ ရေနှင့်လေထုကို ညစ်ညမ်းခြင်းမရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းစဉ်များဖြစ်စေရန် အလေးထားဂရုပြုဆောင်ရွက်သင့်သည်။ စွန့်ပစ်ရေဆိုးများကြောင့် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် အဆက်မပြတ်သုတေသနပြုလုပ်၍ ညစ်ညမ်းမှုမှ ကာကွယ်ရေးအတွက် လိုအပ်မည့်အစီအစဉ်များ လုပ်ဆောင်ခြင်းဖြင့် မြစ်၊ ချောင်းများအနီးတစ်ဝိုက်တွင်တည်ရှိသော စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်ရေဆိုးများကြောင့် ထိုရေကိုအသုံးပြုနေသူများ၊ မြစ်၊ ချောင်းထဲရှိရေနေသတ္တဝါများ၊ အပင်များ စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ စက်မှုလုပ်ငန်းများအနေဖြင့်လည်း စက်ရုံများမှစွန့်ထုတ်သော အစိုင်အခဲစွန့်ပစ်ပစ္စည်းများ (Solid Wastes)အား စနစ်တကျစွန့်ပစ်စေရန် အထူးသတိပြုစောင့်ရှောက်သင့်သည်။ ထို့ပြင် စွန့်ပစ်ရေဆိုးများ (Waste Water)ကိုလည်း သတ်မှတ်စံနှုန်းများရအောင် သေချာစွာသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေခြင်းဖြင့် မြေအောက်ရေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့်ရေအရင်းအမြစ်များ မပျက်စီးစေရန်ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးဖြစ်ကြောင်းနှင့် သာယာလှပသော နိုင်ငံတော်ကိုရရှိစေမည်ဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။ ။

## စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



**ပေါက်ခေါင်း မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ မြို့နယ်အားကစားခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မတ်လ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ကျောင်းသားလူငယ်များ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် လူငယ်ရေးရာအသိပညာပေးအကြောင်းအရာများကို ပြောကြား၍ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းထွေးက လူငယ်နှင့်မူးယစ်ဆေးဝါးအကြောင်းကို ဟောပြောဆွေးနွေးပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုအသိပညာပေး နံရံကပ်စာစောင်များပြသရာ ကျောင်းသား၊ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရွှေတိဂုံစေတီတော်သို့ ဖေဖော်ဝါရီလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ရှစ်သိန်းခြောက်သောင်းကျော် လာရောက်ဖူးမြော်



ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ဖေဖော်ဝါရီလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ရှစ်သိန်းခြောက်သောင်းကျော် လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ဖေဖော်ဝါရီလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၁၁၀၀၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၈၀၄၆ ပါး၊ အမျိုးသား ၃၇၂၉၉၈ ဦး၊ အမျိုးသမီး ၄၆၀၄၉၂ ဦး၊ နိုင်ငံခြားသား ၃၉၅၈ ဦး၊ နိုင်ငံခြားသူ ၃၉၄၈ ဦး စုစုပေါင်း ၈၆၀၄၄၄ ဦးဖြစ်သည်။

အဆိုပါကာလအတွင်း ရွှေတိဂုံစေတီတော်သို့ ပြည်တွင်းပြည်ပဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် အနည်းဆုံးလူဦးရေတစ်သောင်းဝန်းကျင် လာရောက်ကြပြီး အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် ဖေဖော်ဝါရီလ ၁ ရက်(တပို့တွဲလပြည့်နေ့)တွင် ၁၇၃၆၅၀ ဦး၊ ဖေဖော်ဝါရီလ ၈ ရက်(တနင်္ဂနွေနေ့)တွင် ၃၄၂၈၂ ဦး၊ ဖေဖော်ဝါရီလ ၁၅ ရက်(တနင်္ဂနွေနေ့)တွင် ၅၉၄၄၉ ဦး၊ ဖေဖော်ဝါရီလ ၁၇ ရက်(တရုတ်နှစ်သစ်ကူးနေ့)တွင် ၅၁၅၀၅ ဦး အများဆုံးလာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများ အဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရန် ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဝန်းရံခ

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

မုံရွာ မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ်လ ၁၆ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မိုးအောင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကောင်းမွန်မှုရှိ၊ မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မိုးအောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်တွေ့ကြုံလာပါက စနစ်တကျမီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ပစ္စည်းများအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြရာ ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်



ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ်လ ၁၆ ရက်က ဖွင့်လှစ်သည်။

ယင်းသင်တန်းတွင် နည်းပြဆရာ ပန်းချီပညာရှင် ပန်းချီဌေးဝင်း (မြို့နယ်မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌ) က ပန်းချီရေးဆွဲရာတွင် အခြေခံရမည့်အချက်များ၊ မျဉ်းကွေး၊ မျဉ်းဖြောင့်၊ မတ်မျဉ်း၊ စက်ဝိုင်းပုံ၊ တြိဂံပုံ စသည်တို့မှ ပန်းချီပုံဖန်တီးရေးဆွဲနည်းများနှင့် ဆေးရောင်ခြယ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးကြောင်း သိရသည်။

အဆိုပါ ပန်းချီရေးဆွဲနည်းသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပြီး သင်တန်းကာလမှာ မတ်လ ၄ ရက်မှ ၁၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)

# ရော်ဘာလုပ်ငန်းကဏ္ဍကို အမျိုးသားပို့ကုန်မဟာဗျူဟာတွင် အကောင်အထည်ဖော်နိုင်ရန်ညှိနှိုင်းဆွေးနွေးနေ

ရန်ကုန် မတ် ၁၇

ရော်ဘာလုပ်ငန်းကဏ္ဍကို အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) တွင် အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆွေးနွေးနေကြောင်း သိရသည်။

"အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ရော်ဘာလုပ်ငန်းကဏ္ဍအတွက် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့ အသင်းအဖွဲ့တွေနဲ့ ဆွေးနွေးနေပါတယ်။ လုပ်ငန်းစီမံချက်ရေးဆွဲရာမှာ အမှန်တကယ်အကောင်အထည်ဖော်နိုင်မယ့် လုပ်ငန်းစဉ်တွေကို ထည့်သွင်းရေးဆွဲဖို့အတွက် ခန့်မှန်းကုန်ကျစရိတ်တွေကို တွက်ချက်ပြီး ထည့်သွင်းဖော်ပြပေးဖို့လိုအပ်ပါတယ်" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရော်ဘာနှင့်ပတ်သက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆ - ၂၀၃၀) တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို အပြီးသတ်ရေးဆွဲပြီးပါက အတည်ပြုချက်ရယူရန် ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကို ၇ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းထုတ်လုပ်မှုအတွက် သုံးစွဲကြပြီး ၉၂ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့နေကြခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ရော်ဘာတန်ချိန် ၃၈၀၀၀၀ ခန့်တင်ပို့နိုင်ရန် လျာထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်၌ အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကျန်ပြည်နယ်များ၌လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ဖြူဖြူ

# မရမ်းကုန်းမြို့နယ်၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မရမ်းကုန်းမြို့နယ် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းကို မတ်လ ၁၆ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လေလွင့်ဆုံးရှုံးနေရသော လူသားအရင်းအမြစ်စွမ်းအားများကို စွမ်းရည်စုများအဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေသော အရပ်ဘက်အသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများကို ပံ့ပိုးငွေများ ပေးအပ်ကြောင်း သိရသည်။

ယဉ်မော် (ပြန်/ဆက်)

# ဘာစီလိုနာအသင်းဥက္ကဋ္ဌသစ်ရွေးချယ်ပွဲတွင် လာပေါ်တာ မဲအပြတ်အသတ် အသာစီးဖြင့် အနိုင်ရရှိ



**ဘာစီလိုနာ မတ် ၁၇**

ဘာစီလိုနာအသင်း ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲတွင် လက်ရှိဘာစီလိုနာအသင်းဥက္ကဋ္ဌဖြစ်သည့် လာပေါ်တာသည် ပြိုင်ဘက်ထက် မဲအပြတ်အသတ်အသာစီးဖြင့် ဥက္ကဋ္ဌရာထူးကို ဆက်လက်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အသင်းစည်းမျဉ်းများအရ ငါးနှစ်လျှင်တစ်ကြိမ် အသင်းဥက္ကဋ္ဌသစ်ရွေးချယ်ခြင်းဖြစ်ပြီး ယခုနှစ်ရွေးချယ်ပွဲတွင်လည်း လာပေါ်တာက ပြိုင်ဘက်ထက် မဲအရေအတွက်အပြတ်အသတ်အသာစီးဖြင့်အနိုင်ရရှိပြီး ဥက္ကဋ္ဌသစ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဘာစီလိုနာအသင်း ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲတွင် လာပေါ်တာသည် မဲအရေအတွက် ၃၂၉၃၄ အထိရရှိကာ ပြိုင်ဘက်ထက် အပြတ်အသတ်အသာစီးရရှိခြင်းဖြစ်ကာ အဓိကပြိုင်ဘက်ဖြစ်သည့် ဗစ်တာဖောင့်အနေဖြင့် ၁၄၃၈၅ မဲသာ ရရှိခဲ့ခြင်းဖြစ်သည်။

လာပေါ်တာသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အသင်းဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ် တာဝန်ယူခဲ့ပြီး ၎င်းဥက္ကဋ္ဌရာထူးတာဝန်မယူစဉ်က အသင်းအနေဖြင့် ငွေကြေးအကျပ်အတည်းများစွာနှင့် ရင်ဆိုင်ခဲ့ရပြီး ဒေဝါလီခံရမည့်အရေးနှင့်ပင်ရင်ဆိုင်နေရသော်လည်း ၎င်းလက်ထက်တွင် အသင်းငွေကြေးပိုင်းဆိုင်ရာကိစ္စရပ်များကို အကောင်းဆုံးဖြေရှင်းနိုင်သည့်အပြင် အားကစားကွင်းကိုလည်း စတာလင်ပေါင် ၁ ဒသမ ၅ ဘီလီယံကျော် အကုန်အကျခံတည်ဆောက်နိုင်ပြီးနောက် အသင်းပရိသတ်များ၏ အားပေးထောက်ခံမှုများကိုရရှိခဲ့သည့်အပြင် အသင်းမှ ကစားသမားများ၏ထောက်ခံအားပေးမှုများလည်း အပြည့်အဝရရှိခဲ့သည့်အတွက် ရွေးချယ်ပွဲတွင် ပြိုင်ဘက်ကို မဲအပြတ်အသတ်အသာစီးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လာပေါ်တာနှင့် ဗစ်တာဖောင့်တို့သည် ၂၀၂၁ ခုနှစ်ကလည်း အဓိကပြိုင်ဘက်အဖြစ် ယှဉ်ပြိုင်ခဲ့ကြပြီး လာပေါ်တာက အနိုင်ရရှိခဲ့ခြင်းဖြစ်ကာ ယခုအခါတွင်လည်း လာပေါ်တာက ဗစ်တာဖောင့်ကိုထပ်မံကျော်ဖြတ်ပြီး အနိုင်ရရှိခြင်းဖြစ်ပြီး အသင်းဥက္ကဋ္ဌရာထူးကို ယခုအခါ တတိယအကြိမ်အဖြစ် လာမည့် ၂၀၃၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# တရားမဝင်အေးဂျင့်ခများကြောင့် ချယ်လ်ဆီးအသင်း ဆိုင်းငံ့နှစ်နှစ် ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံရ

**လန်ဒန် မတ် ၁၇**

ချယ်လ်ဆီးအသင်းသည် တရားမဝင်အေးဂျင့်ခများကြောင့် ဆိုင်းငံ့နှစ်နှစ်ကစားသမားခေါ်ယူခွင့်ပိတ်ပင်ခံရကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အသင်းအကယ်ဒမီအတွက် ကစားသမားခေါ်ယူမှုများလုပ်ဆောင်ရာတွင် အေးဂျင့်များအတွက် စတာလင်ပေါင် ၄၇ သန်းကို တရားမဝင်ပေးချေခဲ့သည်ဟု စွဲချက်တင်ခံရပြီးနောက် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ရာ ပြစ်မှုထင်ရှားသည့်အတွက် ဆိုင်းငံ့နှစ်နှစ် ကစားသမားအပြောင်းအရွှေ့လုပ်ဆောင်ခွင့်ပိတ်ပင်ခဲ့သည့်အပြင် ဒဏ်ကြေးငွေအဖြစ်လည်း စတာလင်ပေါင် ၇၅၀၀၀ ပြစ်ဒဏ်ချမှတ်ခံရသည်။

ချယ်လ်ဆီးအသင်းသည် အသင်းပိုင်ရှင်ဟောင်း အေဗရာမိုဗစ်ချ်လက်ထက်က အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကာလရှည်စစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ပြစ်မှုထင်ရှားသကဲ့သို့ ချယ်လ်ဆီးအသင်းကလည်း ဝန်ခံမှုများလုပ်ဆောင်ခဲ့သည့်အတွက် အရေးယူခံခဲ့ရခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အသင်းကြီးအတွက် ဆိုင်းငံ့နှစ်နှစ်ကစားသမားအပြောင်းအရွှေ့ခေါ်ယူခွင့်ပိတ်ပင်ခံရသည့်အပြင် အသင်းအကယ်ဒမီအတွက်လည်း လူငယ်ကစားသမားခေါ်ယူမှု ကိုးလပိတ်ပင်ခံရကြောင်း သိရသည်။ *Ref;Goal.com*

# ဘိုင်ယန်မြူးနစ်အသင်းက ဂိုးသမားလေးဦးစလုံးဒဏ်ရာရရှိနေသည့်အတွက် လူငယ်အသင်းမှ ပရက်စကော့ကိုခေါ်ယူ

**ဘာလင် မတ် ၁၇**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းကြီးမှ ဂိုးသမား လေးဦးစလုံး ဒဏ်ရာရရှိနေသည့်အတွက် အတ္တလန္တာအသင်းနှင့်ကစားမည့်ချန်ပီယံလိဂ်ပွဲစဉ်အတွက် လူငယ်အသင်းမှ ဂိုးသမား ပရက်စကော့ကို ခေါ်ယူထားရကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းတွင် အဓိကဂိုးသမားဖြစ်သည့် နူအာသည် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရသကဲ့သို့ နောက်ထပ်ဂိုးသမားတစ်ဦးဖြစ်သည့် ဂျိုနက်အူရစ်သည်လည်း ဦးခေါင်းဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိသကဲ့သို့ နောက်ထပ်ဂိုးသမားများဖြစ်သည့် အူရစ်နှင့် အလာနက်တို့သည်လည်း ဒဏ်ရာအသီးသီးရရှိနေသည့်အတွက် အသင်းတွင် ဂိုးသမားတစ်ဦးမှမရှိတော့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းကြီးတွင် ဂိုးသမားတစ်ဦးမှမရှိသည့်အတွက် လူငယ်အသင်းမှ အသက် ၁၆ နှစ်အရွယ် ဂိုးသမားပရက်စကော့ကို အသင်းကြီးတွင်ခေါ်ယူပြီး လာမည့်အတ္တလန္တာအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အတွက် အသုံးပြုရမည်ဖြစ်သည်။

လူငယ်ဂိုးသမားပရက်စကော့သည် လာမည့်အတ္တလန္တာအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးလျှင် အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းသည်လည်း အသင်းကြီးမှ ဂိုးသမားအားလုံးဒဏ်ရာရရှိနေသည့်အတွက် လူငယ်အသင်းမှ ဂိုးသမားခေါ်ယူရသည့် ပထမဆုံးအသင်းဖြစ်လာကြောင်း သိရသည်။ *Ref;Top Skills Sports UK*



# အက်စ်တွန်ဗီလာအသင်းက နည်းပြအမ်မရီ၏အနာဂတ်နှင့်ပတ်သက်ပြီး ယခုရက်ပိုင်းအတွင်း အသင်းဘုတ်အဖွဲ့ အစည်းအဝေးကျင်းပမည်

**လန်ဒန် မတ် ၁၇**

အက်စ်တွန်ဗီလာအသင်းသည် နည်းပြအမ်မရီ၏အနာဂတ်နှင့်ပတ်သက်ပြီး လာမည့်ရက်ပိုင်းအတွင်း အသင်းဘုတ်အဖွဲ့အစည်းအဝေးကျင်းပပြီး ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြအမ်မရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ပြီး ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယခုဘောလုံးရာသီအစပိုင်းတွင်လည်း စံချိန်တင်ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး မန်ယူအသင်းကို ရှုံးနိမ့်ပြီးနောက် နည်းပြအမ်မရီ၏ အနာဂတ်မှာလည်း မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် အစောပိုင်းက အာဆင်နယ်အသင်း၊ မန်စီးတီးအသင်းတို့နှင့်အတူ ချန်ပီယံလမ်းကြောင်းပေါ်တွင် ရပ်တည်နိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးငါးပွဲတွင် ဘရိုက်တန်အသင်းတစ်သင်းတည်းကိုသာ အနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နှင့် သုံးပွဲရှုံးနိမ့်ပြီးနောက် အဆင့်(၃)နေရာမှ မန်ယူအသင်းနှင့် သုံးမှတ်ကွာဟကာ အဆင့်(၄)နေရာ၌ရပ်တည်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လည်း လွဲချော်ရဖွယ်ရှိနေသည်။

အက်စ်တွန်ဗီလာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက အသင်းဝင်ငွေ စတာလင်ပေါင် သန်း ၇၀ မှ ၁၀၀ ကြား ဆုံးရှုံးရမည်ဖြစ်သည့်အပြင် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် မာတီနက်၊ ဝက်စ်ကင်၊ ရော်ဂျာနှင့် ရမ်ဆေးတို့ကိုပါ ဆုံးရှုံးရနိုင်သည့်အခြေအနေများကြောင့် အသင်းဘုတ်အဖွဲ့ဝင်များက လာမည့်ရက်ပိုင်းအတွင်း ဘုတ်အဖွဲ့အစည်းအဝေးပြုလုပ်ကာ နည်းပြအမ်မရီ၏ အနာဂတ်ကိုဆုံးဖြတ်မည့်အပြင် အသင်းအနာဂတ်စီမံကိန်းနှင့်ပတ်သက်၍လည်း ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ *Ref;Top Skills Sports UK*

# ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ် အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှု အခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည်ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# သာစည်မြို့နယ်တွင် ငွေကျပ် ၅၆၁ သိန်းတန်ဖိုးရှိ ကက်တမင်းများနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၂၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

သာစည်မြို့နယ်တွင် ငွေကျပ် ၅၆၁ သိန်းတန်ဖိုးရှိ ကက်တမင်းများနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၂၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်မတ်လ ၁၄ ရက်ည ၁၀ နာရီတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှရန်ကုန်သို့ မောင်းနှင်လာသည့် SCANIA အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁၃၄) ရပ်ကွက်နေ ဖြိုးမင်းဇော်(၂၅)နှစ် သယ်ဆောင်လာသည့် ကက်တမင်း ၁ ဒသမ ၈၇ ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၆၁ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မတ်လ ၁၅ ရက် ည ၇ နာရီတွင် ကျိုင်းတုံမြို့နယ်၊ ပန်ကြူကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ်၊ မိုင်းပန်(လယ်)ကျေးရွာအုပ်စု၊ မိုင်းခါးကျေးရွာနေ ကျဖ (၂၀)နှစ် မောင်းနှင်လာသော HONDA WAVE i 110 မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း)ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၀ ရက်**တွင် ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု၊ မုန်ပြတောင်အနီး၌ မော်တော်ယာဉ်(၄၆)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၁၃)မျိုး၊ လုပ်ငန်းသုံးကုန်ပစ္စည်း (၅၁)မျိုး၊ လျှပ်စစ်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၂၉၉၂၁၈၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ မော်တော်ယာဉ် (၄၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၈၄၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၇၉၉၂၁၈၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၅ ရက်**တွင် ဘားအံမြို့နယ်၊ မာလာဖူးကုန်ထုတ်စခန်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)ကို ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ အရလည်းကောင်း၊ ဘားအံမြို့နယ်၊ ဒုံသမိတံတား၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေ အရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၅၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၂ ရက်နှင့် ၁၃ ရက်**တို့တွင် တောင်ငူမြို့ နယ်နှင့် ပြည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၇၆၄)တန်နှင့် (၄၅)ပေါင်ဝင်မီးသွေး (၆၅၇)အိတ်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၅၁၂၆၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၆ ရက်နှင့် ၉ ရက်**တို့တွင် ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၂ ဒသမ ၅၆၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၉၂၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၄ ရက်**တွင်ပဲခူးမြို့နယ်၊ဘုရားကြီးမြို့အထွက်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Truck (၁)စီး၊ Mitsubishi Fuso Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၄၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ် မတ်လ ၆ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၀၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၂၂၁၃၇၃၂)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့်အသေးစား၊အလတ်စားစီးပွားရေး လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## KAUNG LIN HTUT COMPANY LIMITED
## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)၊ အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးမျိုးအောင်မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ မတ်လ(၁၇)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သောကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN (H.G.P.,LL.,B) | U Myo Aung |
| HIGH COURT ADVOCATE | Managing Director |
| INSOLVENCY PRACTITIONER(103594) | Kaung Lin Htut Co.,Ltd. |
| YANGON, MYANMAR, TEL.09-5043046 | |

## ROYAL CHANRON SERVICES CO.,LTD.
## စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ကြောင်းကြေညာခြင်း
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ
## (ကုမ္ပဏီတွင်ပါဝင်သူများ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

၁။ ROYAL CHANRON SERVICES CO.,LTD. အား ကုမ္ပဏီတွင် ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်(၁၈ ရက်၊ မတ်လ၊ ၂၀၂၆ ခုနှစ်) ရက်နေ့တွင်ကျင်းပခဲ့သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင်(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအမှတ်စဉ်-၁၀၉၅၅၀)အား ခန့်အပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၈ ရက်၊ ဧပြီလ၊ ၂၀၂၆ ခုနှစ်) ရက်နေ့ထက်နောက်မကျစေဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသော ကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးကျော့မောင်**
(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအမှတ်စဉ်-၁၀၉၅၅၀)

**ပျောက်ဆုံးကြောင်း**
ဝင်းခန့်ကျော်(ဘ)ဦးကျော်မွေး ၈/တတက(နိုင်)၂၇၄၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 556349)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၅၂၂၅၁၂

**ပျောက်ဆုံးကြောင်း**
ဇင်ပွင့်ဖြူ(ဘ)ဦးကျော်ဇင်ထွေး ၈/ပဖန(နိုင်)၁၈၂၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မမွေးနီ(ဘ)ဦးစိုင်းမောင် ၁၃/လကန(နိုင်)၀၀၄၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၉၇၉၆၁၉

**ပျောက်ဆုံးကြောင်း**
နန့်နှင်းဝတ်မှုန်(ဘ)ဦးအောင်နိုင်သူ ၁၄/ဝခမ(နိုင်)၃၅၁၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၄၉၉၄၆၈

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အ.မ.က(၁၄)မူလွန်ကျောင်း၊ Grade-4 မှ (ဘ)ဦးဖြိုးသက်အောင်၏သမီး မအိမ့်ပိုးဖြူအား မဆုပြည့်စံဟုပြောင်းလဲခေါ်ဆိုပါရန်။ **မဆုပြည့်စံ**

**ပျောက်ဆုံးကြောင်း**
မြတ်စုသွင်(ဘ)ဦးငွေးနိုင် ၇/ရကန(နိုင်)၅၀၇၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 762735)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၇၀၇၅၁၈၂

**ပျောက်ဆုံးကြောင်း**
လာလ်ပွှရယ်ဖဲလ်(ဘ)ဦးမွန်ထန်း ၅/ကလထ(နိုင်)၃၃၂၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စုစုဝင်း(ဘ)ဦးဝင်းကို ၅/မရန(နိုင်)၃၃၄၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးငြိမ်းသူ(ဘ)ဦးကျော်ဦး ၉/ရမသ(နိုင်)၂၃၆၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စုစုမာ(ဘ)ဦးရှိန်ထွန်း ၉/ကဆန(နိုင်)၁၃၃၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 756062)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြူကြူမြင့်(ဘ)ဦးလှထွေး ၈/မသန(နိုင်)၁၆၃၀၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 228621)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သက်သက်ဇင်(ဘ)ဦးအောင်ကျော်မြတ် ၇/ရကန(နိုင်)၀၈၁၂၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 701887)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၃၆၈၀၁

**ပျောက်ဆုံးကြောင်း**
ဇေယျာအောင်(ဘ)ဦးသိန်းလွင် ၁၂/ရကန(နိုင်)၀၆၆၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 285096)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီရိစန္ဒာစိုး(ဘ)ဦးဇော်မိုး ၉/တကန(နိုင်)၂၂၁၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇွန်ဖူးလွင်(ဘ)ဦးသက်ထွေး ၅/ခဥန(နိုင်)၁၄၆၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်အာကာ(ဘ)ဦးသက်ထွေး ၅/ခဥန(နိုင်)၁၆၅၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြူကြူခိုင်(ဘ)ဦးစိုးနိုင် ၅/မရန(နိုင်)၃၀၇၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြသဇင်(ဘ)ဦးဇော်မင်းထွန်း ၁၄/ကပန(နိုင်)၂၉၉၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 872862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၅၉၄၅၀၉

**ပျောက်ဆုံးကြောင်း**
ဝါဝါလင်း(ဘ)ဦးဝင်းစိုး ၈/ရစက(နိုင်)၆၂၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 881198)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၈၇၉၈၅၆

**ပျောက်ဆုံးကြောင်း**
အောင်မင်းသူ(ဘ)ဦးကျော်ဝင်းစိန် ၁၄/ရကန(နိုင်)၁၄၅၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မင်းမင်းထွန်း(ဘ)ဦးတင်လှ ၇/သဝတ(နိုင်)၀၀၂၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၄၈၉၃၂၁

**ပျောက်ဆုံးကြောင်း**
ဖြိုးဝေဟိန်း(ဘ)ဦးတန်ကျင်ဟုတ်(ခ)ဦးဝင်းထွန်း ၁၂/ကမရ(နိုင်)၀၅၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 056321)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဖြူဖြူကျော်(ဘ)ဦးကျော် ၁/ကမန(နိုင်)၀၄၃၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သင်းလဲ့လဲ့စိုး(ဘ)ဦးမြင့်ထူး ၁၄/မမန(နိုင်)၃၀၃၈၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 144844)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၉၉၈၅၉

**ပျောက်ဆုံးကြောင်း**
သီသီဝေမင်း(ဘ)ဦးနိုင်မင်း ၉/မလန(နိုင်)၁၈၃၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 919064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၇၈၀၁၅၁၆

**ပျောက်ဆုံးကြောင်း**
မာမာဆွေ(ဘ)ဦးစန်းဝင်း ၅/မရန(နိုင်)၃၀၆၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 063535)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၇၆၁၀၆၈

**ပျောက်ဆုံးကြောင်း**
ပပငြိမ်း(ဘ)ဦးမြင့်လွင် ၈/စလန(နိုင်)၂၄၆၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 862977)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၀၆၁၅၇၃

**ပျောက်ဆုံးကြောင်း**
ရွှန်းလဲ့ရတီစိုး(ဘ)ဦးသိန်းစိုး ၇/ဝမန(နိုင်)၂၂၃၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 574034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၄၅၃၅၄၆

**ပျောက်ဆုံးကြောင်း**
မေကဆုန်(ဘ)ဦးသန့်စင် ၅/ဘတလ(နိုင်)၁၅၀၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 242808)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၄၅၃၅၄၆

**ပျောက်ဆုံးကြောင်း**
ရဲနောင်အောင်(ဘ)ဦးအောင်မြင့် ၁၂/ကတန(နိုင်)၀၀၀၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 029608)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အိစန္ဒာဝင်း(ဘ)ဦးမြင့်စိုး ၉/ဇယသ(နိုင်)၀၃၅၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 995123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၂၆၀၈၈၅

**ပျောက်ဆုံးကြောင်း**
သဲစုယဉ်(ဘ)ဦးဟိန်းမင်းထွန်း ၉/မခန(နိုင်)၃၀၂၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 693252)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၇၁၇၆၉၅

**ပျောက်ဆုံးကြောင်း**
မေသဇင်(ဘ)ဦးစိုးနိုင် ၁၂/ရပသ(နိုင်)၀၉၈၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 946138)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်ဇာခိုင်(ဘ)ဦးကျော်သောင်း ၅/ခဥန(နိုင်)၁၆၆၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 617882)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၇၃၁၀၂၈

**ပျောက်ဆုံးကြောင်း**
စုလဲ့ငွေဝင်း(ဘ)ဦးငွေဝင်းသန်း ၈/မကန(နိုင်)၂၈၃၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 047571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရန်ပိုင်စိုး(ဘ)ဦးကျင်သိန်း ၇/ဝမန(နိုင်)၁၇၉၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မိုးနဒီဦး(ဘ)ဦးဝင်းလွင်ဦး ၉/ပဥလ(နိုင်)၀၅၀၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အမည်ပြောင်း**
ပဲခူးမြို့၊ B.B.S ကိုယ်ပိုင်အထက်တန်းကျောင်း၊ KG မှ အဘ ဦးနိုင်လင်းဝေ၏သမီး မအိမ့်မှူးဟန်အား မထက်မြတ်နိုးအိမ်ဟု ပြောင်းလဲခေါ်ပါရန်။
**မထက်မြတ်နိုးအိမ်**

**ပျောက်ဆုံးကြောင်း**
ငယ်ငယ်ဆွေ(ဘ)ဦးကျော်ဝင်း ၇/နတလ(နိုင်)၁၁၀၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နှင်းအိ(ဘ)ဦးကျော်ဝင်း ၇/ထတပ(နိုင်)၁၁၇၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သဇင်နွယ်(ဘ)ဦးသန်းအောင် ၈/တတက(နိုင်)၂၄၅၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချောစန္ဒာ(ဘ)ဦးရွှေလှဝင်း ၇/ထတပ(နိုင်)၁၁၀၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စုစုဝေ(ဘ)ဦးမင်းဇော် ၉/သစန(နိုင်)၁၅၉၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပိုင်စိုး(ဘ)ဦးစမောတို ၁၂/လသယ(နိုင်)၀၇၇၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၀၂၇၃၂

**ပျောက်ဆုံးကြောင်း**
နှင်းရီဆွေ(ဘ)ဦးအောင်ပေါ ၉/မရတ(နိုင်)၀၀၂၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၆၂၁၄၄

**ပျောက်ဆုံးကြောင်း**
ရဲဟန်ဦး(ဘ)ဦးမောင်စိုင် ၆/ပမန(နိုင်)၂၀၃၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၇၈၉၀၇၇

**ပျောက်ဆုံးကြောင်း**
မယဉ်ငွေ(ဘ)ဦးညွန့်မောင် ၉/သစန(နိုင်)၁၇၄၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပုလဲသွယ်(ဘ)ဦးမန်းကြည် ၉/ရမသ(နိုင်)၁၇၄၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၀၇၅၅၆၁၈

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ဦး(ဘ)ဦးထွန်းဝင်း ၉/မထလ(နိုင်)၃၃၇၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

**ပျောက်ဆုံးကြောင်း**
ပန်းအိစံ(ဘ)ဦးကျော်ကျော် ၈/နမန(နိုင်)၂၅၇၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်ထက်ဝေ(ဘ)ဦးသိန်းတန် ၉/သစန(နိုင်)၂၁၅၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


## အားကစားမြှင့်တင် စိတ်လန်းရွှင်
## ဆန့်ကျင်မူးယစ်ဆေး


**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်-၁၄၇၈(က)၊ တကောင်းလမ်း၊ (၁၆)ရပ်ကွက်နေ ဒေါ်သဲစုဖြိုး(ခ)သော်သော်ဟန် ၁၄/မမန(နိုင်)၃၃၁၉၂၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်သဲစုဖြိုး(ခ)သော်သော်ဟန်

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၇)၊ ဒုတိယလမ်းမတော်၊ ဒေါ်မိုးမိုးအေး(၉/နထက(နိုင်)၀၉၉၉၇၈)ကိုင်ဆောင်သူမှ(အလျား ၄၀'-၀"x အနံ ၁၈'-၀")RC(၂)ထပ်ခွဲအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့နေ အောင်ဇော်မင်း(ဘ)ဦးမြစံ ၇/ဒဥန(နိုင်)၁၅၃၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော



တေဇ ရုပ်စုံ
- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် မတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)
၃၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်း– ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
DAGON
YANGON


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်း– ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ပေးသွားရမည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အိန္ဒိယနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန် ပူးပေါင်းကြံစည်မှုဖြင့် ယူကရိန်းနိုင်ငံသား ၆ ဦးနှင့် အမေရိကန်နိုင်ငံသား ၁ ဦးတို့အား အိန္ဒိယနိုင်ငံ အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ(NIA)မှ ဖမ်းဆီးထိန်းသိမ်း


The Indian EXPRESS
JOURNALISM OF COURAGE
SUBSCRIBE
Home ePaper India Cities UPSC Premium Ente

**NIA arrests six Ukrainians, one from US for plotting terror activities in India**

Suspects picked up at airports in Delhi, Kolkata, Lucknow, remanded in custody by a Delhi court until Mar 27,

Written by: Nirbhay Thakur, Mahender Singh Manral

3 min read New Delhi Updated: Mar 17, 2026 05:45 AM IST



The arrests, made in a coordinated operation by multiple NIA teams last week, were made under Section 18 of the Unlawful Activities (Preventio (UAPA), along with other relevant sections.
READ IN APP

နယူးဒေလီ မတ် ၁၇

အိန္ဒိယနိုင်ငံ၊ အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ National Investigation Agency (NIA) သည် အိန္ဒိယနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပူးပေါင်းကြံစည်မှုစွပ်စွဲချက်ဖြင့် နိုင်ငံခြားသား ၇ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းမှုတွင် ယူကရိန်းနိုင်ငံသား ၆ ဦးနှင့် အမေရိကန်နိုင်ငံသား ၁ တို့ပါဝင်ပြီး ဖမ်းဆီးမှုများကို Delhi၊ Kolkata နှင့် Lucknow တို့ရှိလေဆိပ်များတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ စုံစမ်းစစ်ဆေးချက်များအရ အဆိုပါနိုင်ငံခြားသားများသည် အိန္ဒိယနိုင်ငံသို့ တရားဝင်ဗီဇာဖြင့် ဝင်ရောက်လာခြင်းဖြစ်သော်လည်း တားမြစ်နယ်မြေဖြစ်သည့် Mizoram ပြည်နယ်သို့ ခွင့်ပြုမိန့်မပါဘဲသွားရောက်ကာ ထိုမှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ဖြတ်ကျော်ခဲ့ပြီး အိန္ဒိယနိုင်ငံကို ဆန့်ကျင်လျက်ရှိသည့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ခဲ့ကြောင်း၊ ဥရောပမှ ဒရုန်းများကိုတင်သွင်းကာ လက်နက်ကိုင်အဖွဲ့များထံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ဒေလီမြို့ရှိ ရာဇဝတ်ရုံးမှ အဆိုပါဖမ်းဆီးခံရသူများကို မတ်လ ၂၇ ရက်အထိ ထိန်းသိမ်းထားရှိရန် အမိန့်ချမှတ်ခဲ့ပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း Indian Express သတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

(၁၀၀)



## မဟာယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ယူ

ရန်ကုန် မတ် ၁၇

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) ရာသီပိတ်နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် မဟာယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မဟာယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်ကြပေ။ ပွဲကစားချိန် ၁၇ မိနစ်တွင် နေလင်းစိုး၏ ဖန်တီးပေးပို့မှုမှတစ်ဆင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ▼

## တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

**နိုင်ငံ တကာ သတင်း**

## တရုတ်က အီရန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်မည်

စာ - ၂၃ သို့

## အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် စက်သုံးဆီဈေးနှုန်းများ ထပ်မံမြင့်တက်

စာ - ၂၃ သို့

## ထူးခြားသည့်နေ့အပူချိန်များ

၁၇-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဘားအံ | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ကြို့ပင်ကောက် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

